# သွေးကွဲနေသည့် လူ့အဖွဲ့အစည်းများအတွက် ရွေးကောက်တင်မြှောက်မှု စနစ်များ

*Benjamin Reilly*

***Benjamin Reilly*** *သည် ဩစတေးလျ အမျိုးသား တက္ကသိုလ်၊ ဖွံ့ဖြိုးရေးလေ့လာမှုများဆိုင်ရာ အမျိုးသားစင်တာရှိ Research Fellow တစ်ဦးဖြစ်ပါသည်။ သူသည် ဤစာတမ်းတွင် ဆွေးနွေးဖော်ပြထားသည့် ကိစ္စရပ်အချို့ကို ပိုမိုအသေးစိတ်ဖော်ပြထားသော သွေးကွဲနေသည့် လူ့အဖွဲ့အစည်းများရှိ ဒီမိုကရေစီ - ပဋိပက္ခ စီမံခန့်ခွဲရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ ပုံစံရေးဆွဲခြင်း (၂၀၀၁) စာအုပ်အပါအဝင် စာအုပ်အတော်များများကို ရေးသားပြုစုခဲ့သူတစ်ဦးလည်းဖြစ်ပါသည်။ သူသည် ရွေးကောက်တင်မြှောက်မှု စနစ်၏ ဒီဇိုင်းပုံစံ နှင့် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ ကိစ္စရပ်များကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးပါသည်။ ဤစာတမ်းအတွက် ပြုလုပ်ခဲ့သော သုတေသနများအတွက် အမေရိကန်ပြည်ထောင်စု ငြိမ်းချမ်းရေး အင်စတီကျုမှ ရန်ပုံငွေ ပံ့ပိုးပေးခဲ့ပါသည်။*

လူမျိုးရေး၊ ဘာသာရေး၊ ဘာသာစကား သို့မဟုတ် လူမျိုးစုများအားဖြင့် ကွဲပြားမှုများ အမြစ်တွယ်နေသည့် နိုင်ငံများတွင် ဒီမိုကရေစီစနစ် ရှင်သန်နိုင်စေရေးအတွက် မည်သည့် ရွေးကောက်တင်မြှောက်မှု စနစ်များသည် အထောက်အကူဖြစ်စေနိုင်သနည်း? ကျွန်ုပ်တို့ ကောင်းစွာ သိထားပြီးဖြစ်သည့်အတိုင်း ထိုသို့သော "သွေးကွဲနေသည့် လူ့အဖွဲ့အစည်းများ" ရှိ နိုင်ငံရေးသမားများသည် ရွေးကောက်ပွဲကာလများတွင် မဲဆန္ဒရှင်များကို စည်းရုံးသိမ်းသွင်းရန်အတွက် လူမျိုးစုများ ခွဲခြား ဆက်ဆံခံနေရမှု ပြဿနာ" ကို အသုံးချကာ ဒေသ ခံလူထု၏ အကူအညီလိုအပ်နေမှုအား အမြတ်ထုတ်လိုစိတ် များစွာရှိတတ်ကြပါသည်။ နိုင်ငံရေးသမားများအနေဖြင့် တစ်နေ့တစ်ခြား ပိုမိုအစွန်းရောက်လာသည့် အပြောအဆိုများ နှင့် တောင်းဆိုမှုများအား "ထောက်ခံအားပေးခြင်း" သည် အလယ်အလတ်ဝါဒ ဆိုင်ရာ အပြောအဆိုများ နှင့် တောင်းဆိုမှုများအား ထောက်ခံအားပေးခြင်း ထက် ပိုမို၍ အကျိုးအမြတ် ရနိုင်ကြပါသည်။ ထိုသို့သောအခြေအနေများတွင် အစွန်းရောက် အင်အား စုများသည် ဗဟိုနိုင်ငံရေးဝါဒအား ဖြိုခွဲဖျက်ဆီးကြသောကြောင့် နိုင်ငံရေးသည်

ဗဟိုနှင့်လျင်မြန်စွာ ဝေးကွာလာနိုင်ပြီး "အနိုင်ရသူအကုန်ယူ" စနစ် လွှမ်းမိုးလာစေသည်။ ဤသို့ဖြင့် ဒီမိုကရေစီစနစ် မအောင်မြင်မှုများ ပေါ်ပေါက်လာလေ့ရှိသည်။ ၁

သွေးကွဲနေသည့်လူ့အဖွဲ့အစည်းများတွင် ရေရှည်တည်တံ့သော ဒီမိုကရေစီစနစ်တစ်ခု တည်ဆောက်နိုင်ရေးအတွက် မည်သည့်ဗျူဟာမဆိုသည် ဤသို့ စိတ်ဓာတ်ကျဖွယ် ရင်းနီးကျွမ်းဝင်နေပြီးသား ပုံစံ ကို အဓိက ရှောင်ကြဉ်ကာ လူမျိုးစုများအကြားရှိ အတူယှဉ်တွဲနေထိုင်ရေး၊ လူမျိုးစုပေါင်းစုံ ပါဝင်သော နိုင်ငံရေးပါတီများ နှင့် အလယ်အလတ် ဗဟိုဝါဒီ နိုင်ငံရေးတို့ကို အားပေးမြှင့်တင်နိုင်မည့် နည်းလမ်းများကို ရှာဖွေရမည်ဖြစ်သည်။ ရွေးကောက်ပွဲများသည် နိုင်ငံရေး အမူအကျင့်များနှင့် ပတ်သက်သည့် ပိုမိုစုံလင်ကျယ်ပြန့်သောစံများကို ပုံဖော်ရာ၌ အထောက်အကူပြုသောကြောင့် ရွေးကောက်တင်မြှောက်မှုဆိုင်ရာ စနစ်များသည် ဒီမိုကရေစီ နှင့် အောင်မြင်သော ပဋိပက္ခ စီမံခန့်ခွဲမှုတို့ကို မြှင့်တင်ရာ၌ အလွန်အားကောင်းသည့် အခန်းကဏ္ဍတွင် ပါဝင်နိုင်ကြောင်း ပညာရှင်များ၊ လက်တွေ့ ကျင့်သုံးသူများ၊ အစရှိသူများက သဘောတူကြပါသည်။ ဥပမာအားဖြင့် တိကျစွာသုံးသပ် ရေးဆွဲ ဖန်တီးထားသော စည်းမျဉ်းစည်းကမ်းများသည် ရွေးကောက်ပွဲ၌ အနိုင်ရရှိရေးအတွက် နိုင်ငံရေး သမားများအနေဖြင့် ကြိုးပမ်းရာတွင် ရရှိနိုင်သည့် မက်လုံးများ နှင့် အကျိုးအမြတ်များကို ပြောင်းလဲပစ်ခြင်းဖြင့် အချို့သော အမူအကျင့်များအား အခြားသော အမူအကျင့်များထက် နိုင်ငံရေးအရ အကျိုးရှိ စေသည်။ လွန်ခဲ့သည့် ဆယ်စုနှစ် နှစ်စုအတွင်း ထိုသို့သော "ရွေးကောက်တင်မြှောက်မှုဆိုင်ရာ ပုံစံ ရေးဆွဲမှု" သည် သွေးကွဲနေသည့် လူ့အဖွဲ့အစည်းများအတွင်း ဒီမိုကရေစီစနစ် တည်ဆောက်ရန် ကြိုးပမ်းလျက်ရှိကြသူများကို ပိုမိုဆွဲဆောင်လာနိုင်ခဲ့သည်။ ၂

ရွေးကောက်တင်မြှောက်မှုဆိုင်ရာစနစ်များသည် ပိုမိုကျယ်ပြန့်သည့် နိုင်ငံရေးဝန်းကျင်တစ်ခုကို ပုံဖော်ရာတွင် များစွာအရေးပါကြောင်း နိုင်ငံရေးသိပ္ပံပညာရှင်များက အများအားဖြင့် သဘောတူညီကြသော်လည်း သွေးကွဲနေသည့် လူ့အဖွဲ့အစည်းများအတွက် မည်သည့် ရွေးကောက်တင်မြှောက်မှု စနစ်များသည် အသင့်လျော်ဆုံးဖြစ်မည်ဆိုသည်နှင့် ပတ်သက်၍မူ ကြီးစွာ သဘောထားကွဲလွဲမှုများ ရှိပါသည်။

အဓိကအားဖြင့် အများလက်ခံထားကြသည့် အယူအဆနှစ်ရပ်ရှိပါသည်။ ရေးရိုးစွဲ ပညာရှင်များက လူမျိုးရေး သွေးကွဲမှုများ အမြစ်တွယ်နေသည့် ဖြစ်စဉ်များတွင် အချိုးကျကိုယ်စားပြုစနစ် (PR) ပုံစံတစ်မျိုးမျိုးကို လိုအပ်သည်ဟု ရေးယခင်ကတည်းက ဆိုခဲ့ကြပါသည်။ PR သည် ပူးတွဲပေါင်းစပ် အုပ်ချုပ်မှုဆိုင်ရာ ချဉ်းကပ်မှုနည်းလမ်းများ၏ အဓိက အစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး လူမျိုးရေး ပဋိပက္ခများ သို့မဟုတ် အခြားပဋိပက္ခများတွင် ဒီမိုကရေစီစနစ် ရှင်သန်နိုင်စေရေးအတွက်

အထက်တန်းလွှာ အုပ်စုများ၏ အာဏာမျှဝေမှုစနစ်များ ဖြစ်ထွန်းပေါ်ပေါက်လာစေရန် လိုအပ်ချက်ကို အဓိကအာရုံစူးစိုက်ပါသည်။ ပူးတွဲပေါင်းစပ်ညှိနှိုင်းအုပ်ချုပ်မှုဆိုင်ရာ ပုံစံနှင့် ဆက်စပ်ဖော်ပြခြင်း အခံရဆုံး ပညာရှင်တစ်ဦးဖြစ်သည့် Arend Lijphart သည် ဥရောပတိုက်ရှိ နိုင်ငံအချို့ (နယ်သာလန်၊ ဘယ်လ်ဂျီယံ နှင့် ဆွစ်ဇာလန်) တွင် ကျင့်သုံးသော အာဏာမျှဝေသည့် ဒီမိုကရေစီစနစ်၏ အင်္ဂါရပ်များကို အသေးစိတ် သုံးသပ်လေ့လာကာ ဤလမ်းညွှန်ချက်ကို ပြုစုဖန်တီးခဲ့ခြင်းဖြစ်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများရှိ လူမျိုးရေးပဋိပက္ခများတွင် အဆိုပါ အစီအမံများကို အသုံးချပါက ၎င်းတို့သည် (အကယ်၍ တစ်စုံတစ်ရာ အလုပ်ဖြစ်နိုင်ပါက) မည်မျှအထိ ကောင်းစွာ အလုပ်ဖြစ်နိုင်မည်ဖြစ်ကြောင်း အပေါ် သဘောထားကွဲလွဲမှုများ ရှိနေပါသည်။ ၇ သို့တိုင် သွေးကွဲနေသည့် လူ့အဖွဲ့အစည်းများ၌ ပူးတွဲပေါင်းစပ်ညှိနှိုင်းအုပ်ချုပ်မှုစနစ်သည် အသုံးအများဆုံးသော ဒီမိုကရေစီ ပုံစံတစ်ခုဖြစ်ကြောင်း ကိုမူ ပညာရှင်များအကြားတွင် အငြင်းပွားမှု သိပ်မရှိကြပေ။ ရွေးကောက်တင်မြှောက်မှုဆိုင်ရာ စနစ်များနှင့်ပတ်သက်၍ ပါတီစာရင်းအခြေပြု PR စနစ်သည် လူနည်းစုအုပ်စုများအပါအဝင် အရေးပါသည့် တိုင်းရင်းသားအုပ်စုများအားလုံးအနေဖြင့် တိုင်းရင်းသားလူမျိုးစုအခြေပြုပါတီများ အဖြစ် "မိမိတို့ကိုယ်မိမိ သတ်မှတ်" နိုင်စေသဖြင့် ပြည်သူလူထုတစ်ရပ်လုံးအတွင်းရှိ ၎င်းတို့၏ အရေအတွက် အချိုးအစားအတိုင်း လွှတ်တော်တွင် ကိုယ်စားပြုနိုင်စေသောကြောင့် အကောင်းဆုံး ရွေးချယ်မှုဖြစ်သည်ဟု ပူးတွဲပေါင်းစပ်ညှိနှိုင်းအုပ်ချုပ်ရေးဝါဒီများက ဆိုကြသည်။ ၈

## "ကြိုက်နှစ်သက်မှု ဦးစားပေး" နည်းလမ်း

ဤရှေးရိုးစွဲအယူအဆနှင့် ဆန့်ကျင်ဘက်အားဖြင့် တိုင်းရင်းသားပါတီများ ပေါ်ပေါက်လာမှုသည် ရှိပြီး သား လူမျိုးရေး သွေးကွဲမှုများကို ဥပဒေပြုရေးကဏ္ဍအတွင်းသို့ ကူးစက်သွားစေနိုင်သည့်အတွက် သွေးကွဲနေသည့် လူ့အဖွဲ့အစည်းများရှိ အပျက်သဘောဆောင်သည့် ပုံစံများကို လျှော့ချနိုင်မည့် အကောင်းဆုံးနည်းလမ်းမှာ လူမျိုးစုပါတီများ ဖွဲ့စည်းမှုကို အားမပေးဘဲ ပြိုင်ဖက်အုပ်စုများ အကြား ပူးပေါင်းဆောင်ရွက်ခြင်း နှင့် ချိန်ညှိလုပ်ဆောင်ခြင်းတို့ကို အားပေးထောက်ခံခြင်းအားဖြင့် လူမျိုးရေး ကိစ္စရပ်များအပေါ် အလေးပေးမှုကို လျှော့ချသည့် ရွေးကောက်တင်မြှောက်မှုစနစ်များကို အသုံးချရန် ဖြစ်သည်ဟု အချို့သော ဝေဖန်သူများက ဆိုကြပါသည်။ Donald Horowitz ထောက်ခံ အားပေး ခဲ့သည့် အဓိကကျသော ဗျူဟာတစ်ရပ်မှာ ကွဲပြားနေသည့် အုပ်စုများအကြား အပြန်အလှန် တူညီသည့် ဆန္ဒမဲများပေးခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်း နှင့် အတူယှဉ်တွဲလုပ်ဆောင်ခြင်းတို့ကို အားပေးမြှင့်တင်သော ရွေးကောက်တင်မြှောက်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို

ပုံစံရေးဆွဲရန် ဖြစ်ပါသည်။ ၅ ဥပမာအားဖြင့် နိုင်ဂျီးရီးယားနိုင်ငံရှိ သမ္မတရွေးကောက်ပွဲများတွင် အနိုင်ရရှိသည့် သမ္မတလောင်းအနေဖြင့် မတူညီသော ဒေသများမှ ထောက်ခံမှုရရှိရမည်ဟူ၍ သတ်မှတ်ထားခြင်း သည် သဘောထားမပြည့်ဝမှု သို့မဟုတ် ဒေသစွဲဝါဒတို့ရှိသည်ဟူသော ပြောဆိုမှုများကို လျှော့ချရန် အထောက်အကူပြုပါသည်။ လက်ဘနွန်၏ ရွေးကောက်တင်မြှောက်မှုစနစ်တွင် မဲဆန္ဒနယ်တစ်ခုချင်း စီအတွက် လူမျိုးစုအမျိုးအစားများကို ကြိုတင်သတ်မှတ်ခြင်းအားဖြင့် ပါတီများအနေဖြင့် ရွေးကောက်ပွဲ အတွက် လူမျိုးစုမျိုးစုံပါဝင်သည့် ကိုယ်စားလှယ်လောင်းများအား တင်ပြရစေကာ မဲဆန္ဒရှင်များ အနေဖြင့် ရွေးချယ်မှုများ ပြုလုပ်ရာတွင် လူမျိုးစုနှင့်မဆိုင်သော အခြားကိစ္စရပ်များပေါ်တွင် အခြေခံ၍ ရွေးချယ်ရစေခြင်းဖြင့် လူမျိုးစုများ၏ အရေးပါမှုကို ဖယ်ရှားနိုင်ရန် ကြိုးပမ်းထားပါသည်။

သို့တိုင် အတူယှဉ်တွဲနေထိုင်ရေးကို အားပေးသည့် အင်အားအကြီးမားဆုံး ရွေးကောက်တင်မြှောက်မှု စနစ်များသည် နိုင်ငံရေးသမားများအနေဖြင့် ၎င်းတို့၏ အုပ်စုမဟုတ်သော အုပ်စုများထံမှ ဆန္ဒမဲများ ကို အပြန်အလှန် မှီခိုနေရစေသည့် စနစ်များဖြစ်ကြပါသည်။ ဤစာတမ်းတွင် ထိုသို့သော ရွေးကောက် တင်မြှောက်မှုဆိုင်ရာ တီထွင်ဆန်းသစ်မှုတစ်ခုအား ပဋိပက္ခစီမံခန့်ခွဲရေးအတွက် ကိရိယာတစ်ခုအဖြစ် - မဲဆန္ဒရှင်များအနေဖြင့် မဲစာရွက်တွင် မတူညီသော ပါတီများ သို့မဟုတ် ကိုယ်စားလှယ်လောင်းများ အနက် ၎င်းတို့၏ ရွေးချယ်မှုများအား အမှတ်ပေးကာ အဆင့်အလိုက်စဉ်နိုင်စေသော "ကြိုက်နှစ်သက် မှုဦးစားပေး" ရွေးကောက်တင်မြှောက်မှု စနစ်များ အသုံးပြုခဲ့သည့် လက်တွေ့မှတ်တမ်းကို အကဲဖြတ် သုံးသပ်ထားပါသည်။ ကြိုက်နှစ်သက်မှုဦးစားပေး ရွေးကောက်တင်မြှောက်မှု စနစ်များအားလုံးတွင် တူညီသည့် ထူးခြားသော အင်္ဂါရပ်တစ်ခုရှိကြပါသည် - ယင်းမှာ အဆိုပါစနစ်များသည် မဲဆန္ဒရှင်များ အနေဖြင့် အကယ်၍ ၎င်းတို့၏ ဦးစားပေးရွေးချယ်ထားသော ကိုယ်စားလှယ်လောင်း အနိုင်မရရှိ သဖြင့် ကျန်ကိုယ်စားလှယ်လောင်းများအနက်မှ ရွေးချယ်ရမည်ဆိုပါက
မည်သို့ဆန္ဒမဲပေးမည် ဖြစ်ကြောင်း ဖော်ပြနိုင်စေသည်။ အဆိုပါ စနစ်များတွင် "မဲလွှဲပြောင်းစနစ်" (AV) နှင့် "လွှဲပြောင်း၍ ရသော တစ်မဲတည်းပေးစနစ်" (STV) တို့ပါဝင်ပါသည်။

AV သည် အဖွဲ့ဝင်တစ်ဦးတည်းရှိသော ရွေးကောက်ပွဲ ခရိုင်များတွင် အသုံးပြုသည့် လူများစု ကိုယ်စားပြု စနစ်တစ်ခုဖြစ်ပါသည်။ ၎င်းစနစ်အရ အနိုင်ရရှိသော ကိုယ်စားလှယ်လောင်းသည် (စုစုပေါင်းမဲ၏ ထက်ဝက်အောက်) မဲအများစု ရရှိရုံသာမကဘဲ စုစုပေါင်း ဆန္ဒမဲ ထက်ဝက်ကျော်ရရှိ ရမည်ဖြစ်သည်။ အကယ်၍ ပထမအဆင့် ဦးစားပေးရွေးချယ်မှုများအနက် မည်သည့်ကိုယ်စားလှယ် လောင်းကမျှ စုစုပေါင်း ဆန္ဒမဲထက်ဝက်ကျော် မရရှိပါက ပထမအဆင့်

ဦးစားပေးဆန္ဒမဲ အနည်းဆုံး ရရှိသည့် ကိုယ်စားလှယ်လောင်းအား ထုတ်ပယ်ကာ ယင်းရရှိခဲ့သည့် ဆန္ဒမဲများအား ပထမအဆင့် အောက်ရှိ ဦးစားပေးအဆင့်များအရ ကျန်ရှိနေသော ကိုယ်စားလှယ်လောင်းများထံ ပြန်လည်ခွဲဝေပေး သည်။ ဤသို့ အဆင့်ဆင့် ထုတ်ပယ်ကာ ဆန္ဒမဲများ လွှဲပြောင်းသည့် လုပ်ငန်းစဉ်အား လူများစု ဆန္ဒမဲဖြင့် အနိုင်ရရှိသူတစ်ဦး ပေါ် ထွက်လာသည်အထိ ဆက်လက်လုပ်ဆောင်ပါသည်။

အခြားတစ်ဖက်တွင် STV သည် အဖွဲ့ဝင်အများစု ပါဝင်သည့် ခရိုင်များတွင် အခြေပြုသည့် အချိုးကျ စနစ်တစ်ခုဖြစ်ပါသည်။ ၎င်းစနစ်တွင် ခရိုင်တစ်ခုအတွင်း ရွေးကောက်တင်မြှောက်သည့် အဖွဲ့ဝင်ဦးရေ ပေါ်တွင်မူတည်၍ သေးငယ်သည့် လူနည်းစုအုပ်စုများသည်ပင်လျှင် ကိုယ်စားပြုပါဝင်နိုင်ပါသည်။ AV တွင်ကဲ့သို့ပင် မဲဆန္ဒရှင်များသည် မဲစာရွက်ပေါ်တွင် ၎င်းတို့၏ ဦးစားပေးနှစ်သက်မှုအလိုက် ကိုယ်စားလှယ်လောင်းများအား အဆင့်အလိုက်စဉ်ကြသည်။ ကိုယ်စားလှယ်လောင်းတစ်ဦးကို ရွေးချယ်တင်မြှောက်နိုင်ရန်အတွက် လိုအပ်သည့် ဆန္ဒမဲ "ကိုတာ" အား ဆုံးဖြတ်ခြင်းဖြင့် ရေတွက်မှု စတင်သည်။ [၆] ပထမအဆင့် ဦးစားပေးရွေးချယ်မှုများတွင် သတ်မှတ်ထားသည့် ကိုတာထက် ဆန္ဒမဲ ပိုမိုရရှိသည့် မည်သည့် ကိုယ်စားလှယ်လောင်းကိုမဆို ချက်ချင်း ရွေးကောက်တင်မြှောက်ပါသည်။ အကယ်၍ မည်သူကမျှ သတ်မှတ်ထားသည့် ကိုတာပြည့်မီအောင် ဆန္ဒမဲရရှိခြင်းမရှိလျှင် ပထမအဆင့် ဦးစားပေး ရွေးချယ်မှု အရေအတွက် အနည်းဆုံးရရှိသည့် ကိုယ်စားလှယ်လောင်းအား ထုတ်ပယ်ကာ ၎င်း၏ ဒုတိယဦးစားပေးအဆင့် သို့မဟုတ် နောက်ထပ်အဆင့်များတွင် ရရှိသော ဆန္ဒမဲများအား ပြိုင်ပွဲတွင် ဆက်လက်ကျန်နေသေးသည့် ကိုယ်စားလှယ်လောင်းများထံ ပြန်လည်ခွဲဝေပေးသည်။ တစ်ချိန်တည်းတွင် (ကိုတာပမာဏထက် ဆန္ဒမဲပိုမိုရရှိသည့်) ရွေးကောက်တင်မြှောက်ခံထားရသော ကိုယ်စားလှယ်လောင်းများ၏ "ပိုလျှံနေသော" ဆန္ဒမဲများအား မဲဆန္ဒနယ်အတွင်းရှိ နေရာအားလုံး အတွက် ရွေးချယ်တင်မြှောက်ပြီးသည်အထိ မဲစာရွက်များရှိ နောက်ထပ်ဦးစားပေးအဆင့်များအရ ပမာဏလျော့ချကာ ပြန်လည်ခွဲဝေပေးသည်။

မဲဆန္ဒရှင်များအနေဖြင့် ကိုယ်စားလှယ်လောင်းများအား ၎င်းတို့၏ ဦးစားပေးနှစ်သက်မှုအရ အဆင့် အလိုက် သတ်မှတ်နိုင်စေသဖြင့် ထိုသို့သော စနစ်များသည် သွေးကွဲနေသည့် လူ့အဖွဲ့အစည်းများရှိ နိုင်ငံရေးသမားများအနေဖြင့် ၎င်းတို့၏ ရပ်ရွာလူထုထံမှ ပထမအဆင့်ဦးစားပေး ဆန္ဒမဲများအတွက် သာမကဘဲ "ဒုတိယအဆင့် ရွေးချယ်မှု" အဖြစ် အခြားသော အုပ်စုများထံမှပါ ဆန္ဒမဲများ ရရှိစေရေး အတွက်ပါ စည်းရုံးလှုံ့ဆော်ရန် အားပေးနိုင်ပါသည်။ ထို့ကြောင့် ပါတီများ နှင့် ကိုယ်စားလှယ်လောင်း

များအနေဖြင့် လူမျိုးစုအမျိုးမျိုးတို့ထံမှ "ဆန္ဒမဲများ ရယူနိုင်ရန်" မက်လုံးတစ်ခု ပေးပါသည်။ ဒုတိယ အဆင့် ထောက်ခံမှုကို ရရှိနိုင်ရေးအတွက် ကိုယ်စားလှယ်လောင်းများအနေဖြင့် မတူညီသည့် လူမျိုးစု များကို ဆွဲဆောင်ကာ ၎င်းတို့၏ ကိုယ်ပိုင်အုပ်စုများအပြင် အခြားသော အုပ်စုများကိုလည်း ကိုယ်စား ပြုနိုင်သည့် စွမ်းရည်ကို ပြသရန် လိုအပ်ကောင်းလိုအပ်မည်ဖြစ်သည်။ အခြားတစ်ဖက်တွင် ဆန္ဒမဲပေးသူများအနက် အလယ်အလတ် သို့မဟုတ် တိုင်းရင်းသားအုပ်စုနှင့် မသက်ဆိုင်သော "အလယ်ကျသည့်" အစိတ်အပိုင်းတစ်ခုရှိပါက ကိုယ်စားလှယ်လောင်းများအနေဖြင့် အဆိုပါ မဲဆန္ဒရှင်များကို ဆွဲဆောင်နိုင်ရန်အတွက် မူဝါဒဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဗဟိုဝါဒသို့ ပြောင်းလဲရန် လိုအပ်ကောင်းလိုအပ်နိုင်ပါသည်။

မည်သို့ဖြစ်စေ ပြိုင်ဖက်ကိုယ်စားလှယ်လောင်းများ နှင့် ၎င်းတို့ကို ထောက်ခံသူများအကြား အပြန်အလှန် မဲလွှဲပြောင်းမှုများအတွက် စေ့စပ်ညှိနှိုင်းခြင်းများသည် လူမျိုးစုပါတီများကို ပေးမည့် ဆန္ဒမဲများ လူမျိုးစုနှင့်မဆိုင်သော ပါတီများထံသို့ ရောက်ရှိသွားစေမည့် အခွင့်အရေးများကို များစွာ တိုးမြှင့်စေနိုင်သဖြင့် သွေးကွဲမှု အမြစ်တွယ်နေသည့် လူ့အဖွဲ့အစည်းများ၌ပင် မဲဆန္ဒနယ်တစ်ခုလုံး အတွင်း အရေးပါသည့် "အလယ်အလတ် ဗဟိုဝါဒ" အမြင်တစ်ခု ပေါ်ပေါက်လာရေး နှင့် ခိုင်မာ အားကောင်းလာရေးကို အားပေးပါသည်။ ထိုသို့သော စေ့စပ်ညှိနှိုင်းမှုများသည် ပါတီများအကြား မဟာမိတ်အဖွဲ့များ ပေါ်ပေါက်လာစေရန်လည်း လှုံ့ဆော်ပေးကာ လူမျိုးစု ပေါင်းစုံပါဝင်သော ပါတီများ သို့မဟုတ် ပါတီများစုပေါင်းထားသော ညွန့်ပေါင်းအဖွဲ့များ ပေါ်ပေါက်လာစေရန် အထောက်အကူပြု ပါသည်။ ပါတီများ စုပေါင်းထားသည့် စနစ်များသည် ဒီမိုကရေစီစနစ်သစ်များ သို့မဟုတ် ကူးပြောင်း နေဆဲ ဒီမိုကရေစီစနစ်များတွင် တည်ငြိမ်မှုရရှိစေရန်လည်း အကူအညီပေးနိုင်ပါသည်။

ပဋိပက္ခ စီမံခန့်ခွဲမှုအတွက် ဤကျယ်ပြန့်သည့် ချဉ်းကပ်မှု၏ "ရှင်းလင်းပြတ်သားသည့် ရည်ရွယ်ချက် သည် နိုင်ငံရေးစနစ်အတွင်း ဗဟိုသို့ ရွေ့လျားသည့် လည်ပတ်မှုတစ်ခုကို ဖန်တီးတည်ဆောက်ရန် - ပါတီများအား အလယ်အလတ်ကျပြီး အပြန်အလှန်ညှိနှိုင်းအလျှော့ပေးသည့် မူဝါဒများကို ဦးတည် ဆောင်ရွက်ရန် နှင့် သွေးကွဲမှု အမြစ်တွယ်နေသည့် နိုင်ငံရေး နယ်ပယ်၏ ဗဟိုကို ရှာဖွေရန် နှင့် အားဖြည့်ပေးရန် ဖြစ်သောကြောင့်" ယင်းကို "Centripetalism" ဟု ခေါ်ကြသည်။ [၇] ဗဟိုသို့ ရွေ့လျားသည့် နိုင်ငံရေးစနစ်တစ်ခု သို့မဟုတ် ဗျူဟာတစ်ခုအား နိုင်ငံရေးသမားများအနေဖြင့် ၎င်းတို့၏ ကိုယ်ပိုင် အသိုင်းအဝိုင်းများထံမှ မဲများရယူရုံမျှသာမဟုတ်ဘဲ အစွန်းရောက်သည့် ယှဉ်ပြိုင်မှုများထက် အလယ်အလတ်ကျသော ဗဟိုတွင် ယှဉ်ပြိုင်မှုများတွင် အာရုံပိုမိုစူးစိုက်ရန် ပုံစံရေးဆွဲထားပါသည်။

အထက်ပါအကြောင်းအရင်းကြောင့် ကျွန်ုပ်အနေဖြင့် ဆက်နွယ်မှုရှိသော်လည်း သီးခြားဖြစ်သည့် အောက်ပါ ဖြစ်စဉ် ၃ ခုတို့အတွက် အတိုကောက်အဖြစ် Centripetalism ဟူသည့် အသုံးအနှုန်းကို အသုံးပြုပါသည်။ ၁) မဲဆွယ်လှုပ်ရှားသည့် နိုင်ငံရေးသမားများအနေဖြင့် ၎င်းတို့နှင့် လူမျိုးစု မတူညီသော အခြားအုပ်စုများနှင့်ဆက်သွယ်ကာ မဲဆွယ်စည်းရုံးရစေသဖြင့် သဘောထား ကွဲပြား နိုင်မည့် အလားအလာရှိသော ကိစ္စရပ်များနှင့်ပတ်သက်၍ ပြောဆိုရာတွင် အစွန်းမရောက်စေရန် ထိန်းသိမ်းပြောဆိုကာ ၎င်းတို့၏ မူဝါဒရပ်တည်ချက်များကို ကျယ်ပြန့်မှုရှိအောင် ဆောင်ရွက် စေသည့် ရွေးကောက်ပွဲဆိုင်ရာ မက်လုံးများ ပေးအပ်ခြင်း ၂) မတူညီသော အုပ်စုများမှ နိုင်ငံရေး သမားများအနေဖြင့် အတူတကွ စုဝေးကာ ရွေးကောက်ပွဲတွင် အပြန်အလှန် ထောက်ခံအားပေးရန် သဘောတူညီမှုများ ပြုလုပ်ကြရန် မက်လုံးတစ်ခုရှိသောကြောင့် ပိုမို၍ အရေးပါသည့် ကိစ္စရပ်များနှင့် ပတ်သက်၍လည်း သဘောတူညီမှုများ ပြုလုပ်ကောင်းပြုလုပ်ကြစေသည့် ညှိနှိုင်းသဘောတူညီမှု ပြုလုပ်ရာ ဝန်းကျင်တစ်ခု တည်ရှိခြင်း နှင့် ၃) မတူညီသော လူမျိုးစုများကို ဆွဲဆောင်နိုင်ပြီး မဲဆန္ဒနယ် အတွက် အမျိုးမျိုးကျယ်ပြန့်သည့် မူဝါဒရွေးချယ်စရာများ တင်ပြနိုင်သော ဗဟိုဝါဒကျင့်သုံးသော၊ စုပေါင်းဖွဲ့စည်းထားသော၊ လူမျိုးစုမျိုးစုံပါဝင်သော နိုင်ငံရေးပါတီများ သို့မဟုတ် ပါတီများ၏ ညွန့်ပေါင်းအဖွဲ့များ ပေါ်ပေါက်လာစေခြင်း။

## ဖြစ်စဉ်ငါးခု

လူမျိုးရေးအရ သွေးကွဲနေသည့် လူ့အဖွဲ့အစည်းများတွင် ကြိုက်နှစ်သက်မှုဦးစားပေး ဆန္ဒမဲပေးခြင်း ကို ပဋိပက္ခစီမံခန့်ခွဲသည့် ကိရိယာတစ်ခုအဖြစ် အသုံးပြုခြင်းအား အထောက်အပံ့ပေးနိုင်မည့် လက်တွေ့ဥပမာများ အလုံအလောက်မရှိဟူ၍ Centripetalism ကို ထပ်တလဲလဲ ဝေဖန်ကြသည်။ [၈] မည်သို့ပင်ဆိုစေကာမူ မကြာသေးမီနှစ်များအတွင်း မြောက်အိုင်ယာလန်၊ အက်စတိုးနီးယား၊ ဖီဂျီ နှင့် ပါပူအာနယူးဂီနီတို့ကဲ့သို့သော ကွဲပြားစုံလင်သည့် သဘောထားကွဲပြားနေသည့် လူ့အဖွဲ့အစည်းများ တွင် လူမျိုးစုများအကြား အတူယှဉ်တွဲနေထိုင်ရေးကို အားပေးမြှင့်တင်ရန်အတွက် Centripetal ရွေးကောက်တင်မြောက်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို သိသိသာသာ အသုံးပြုလာမှု အချို့ကို တွေ့ရသည်။ အခြားတစ်ဖက်တွင်မူ အင်ဒိုနီးရှား နှင့် ဘော့စနီးယားတို့ကဲ့သို့သော ဒီမိုကရေစီ နိုင်ငံသစ်များသည် ထိုသို့သောစနစ်များကို တက်ကြွစွာ ထည့်သွင်းစဉ်းစားလျက်ရှိကြပြီး အခြေကျ ပြီးသား ဒီမိုကရေစီနိုင်ငံများဖြစ်သော သြစတေးလျ၊ ယူနိုက်တက်ကင်းဒမ်း နှင့် အမေရိကန် ပြည်ထောင်စုတို့သည်ပင်လျှင် တူညီသည့် အကျိုးစီးပွားများကို

စုပေါင်းရေး နှင့် "မဲပြန့်ခြင်း" နှင့် အစွန်းရောက်အင်အားစုများကို ရင်ဆိုင်တိုက်ဖျက်ရန် နည်းလမ်းတစ်ရပ်အဖြစ် ကြိုက်နှစ်သက်မှု ဦးစားပေး ဆန္ဒမဲပေးခြင်းကို အသုံးချရန် ပိုမို၍ စိတ်ဝင်စားမှုရှိလာကြောင်း တွေ့ရပါသည်။ [၉] ဆွေးနွေးမှုအများဆုံး အကြောင်းအရာမှာ မဲဆွယ်စည်းရုံးသည့် နိုင်ငံရေးသမားများ တုန့်ပြန်ဖြေရှင်း ရမည့် မက်လုံးများကို ပြောင်းလဲခြင်းဖြင့် နိုင်ငံရေးဆိုင်ရာ အမူအကျင့်များကို "ပုံစံရေးဆွဲလိုသော" ဆန္ဒဖြစ်ပါသည်။ အောက်ပါ စာမျက်နှာများတွင် ဤကိစ္စရပ်နှင့်ပတ်သက်၍ ယနေ့အချိန်အထိ ရရှိ စုပေါင်းထားသော သက်သေအထောက်အထားများကို အနှစ်ချုပ် ဆွေးနွေးဖော်ပြထားပါသည်။

**မြောက်အိုင်ယာလန်။** မြောက်အိုင်ယာလန်သည် "Good Friday" ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အရ အလွန်အရေးပါသည့် ၁၉၉၈ ရွေးကောက်ပွဲများတွင် ကြိုက်နှစ်သက်မှုဦးစားပေး ရွေးကောက်တင်မြှောက်မှု စနစ်တစ်ခု အသုံးပြုခြင်းမှတဆင့် သွေးကွဲနေသည့် လူ့အဖွဲ့အစည်းတစ်ခုတွင် လူမှုအသိုင်းအဝိုင်းများအကြား အတူယှဉ်တွဲနေထိုင်ခြင်းကို အားပေးသည့် Centripetal အင်စတီကျူးရှင်းများ၏ အကောင်းဆုံး လက်တွေ့လောကာလ ဥပမာတစ်ခု ဖြစ်နိုင်ပါသည်။ မြောက်အိုင်ယာလန်၏ ကက်သလစ် ("အမျိုးသားရေးဝါဒီ") နှင့် ပရိုတက်စတင့် ("ယူနီယံဝါဒီ") အသိုင်းအဝိုင်းများအကြား ဂိုဏ်းဂဏစွဲ အကြမ်းဖက်မှုများ နှစ် ၃၀ ကြာဖြစ်ပွားပြီးနောက် ၁၉၉၈ ခုနှစ် ဧပြီလတွင် ချုပ်ဆိုခဲ့သော Good Friday ငြိမ်းချမ်းရေး သဘောတူညီချက်၌ ပဋိပက္ခကို စီမံခန့်ခွဲရန် ဦးတည်ထားသည့် အင်စတီကျူးရှင်းသစ် အမျိုးမျိုးတို့ ပါဝင်ခဲ့ပါသည်။ ၎င်းတို့အနက် မြောက်အိုင်ယာလန် ပါလီမန်သစ်တစ်ခုအတွက် STV စည်းမျဉ်းများနှင့်အညီ ကျင်းပသည့် အာဏာမျှဝေသည့် ရွေးကောက်ပွဲများ ပါဝင်ပါသည်။ ယခင်ရွေးကောက်ပွဲများအား အလားတူ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ၁၉၇၃ နှင့် ၁၉၈၂ ခုနှစ်တို့တွင် ကျင်းပခဲ့ရာ လိုချင်သည့် ရလဒ်ကို အောင်မြင်စွာ ရရှိနိုင်ခဲ့ခြင်းမရှိသော်လည်း ၁၉၉၈ ခုနှစ် ရွေးကောက်ပွဲမှာမူ မြောက်အိုင်ယာလန်၏ သမိုင်းတစ်လျှောက် ပထမဆုံးအကြိမ်အဖြစ် အမျိုးသားရေးဝါဒီများ နှင့် ယူနီယံဝါဒီများအကြား အာဏာမျှဝေသော "ငြိမ်းချမ်းရေး လိုလားသည့်" အစိုးရတစ်ရပ် ပေါ်ပေါက်လာစေခဲ့သည်။

ကြိုက်နှစ်သက်မှု ဦးစားပေး ဆန္ဒမဲပေးခြင်းကို အသုံးပြုခြင်းသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် နည်းအမျိုးမျိုးဖြင့် အထောက်အကူပြုခဲ့ပါသည်။ ပထမဆုံးအနေဖြင့် ယင်းသည် အဓိကပါတီကြီးများ အနေဖြင့် အလယ်အလတ်ဝါဒီ မဲဆန္ဒရှင်များထံမှ အောက်ပိုင်းအဆင့် ကြိုက်နှစ်သက်မှုဦးစားပေး မဲပေးခြင်းများ ရရှိရန် မျှော်လင့်ချက်ဖြင့် ၎င်းတို့၏ ရပ်တည်ချက်များကို အလတ်အလတ်ဝါဒီ အဖြစ်သို့ ပြောင်းလဲစေမည့် တိုက်ရိုက် မက်လုံးများပေးအပ်ပါသည်။ အောက်ပိုင်းအဆင့်

မဲလွှဲပြောင်းမှုများ ရရှိနိုင်မည့် ဖြစ်နိုင်ခြေသည် ဥပမာအားဖြင့် Sinn Fein ပါတီအား အကြမ်းဖက်သည့် ရပ်တည်ချက်များမှ ဝေးကွာစေကာ အစွန်းရောက်မှု ပိုမိုနည်းပါးသည့် မူဝါဒပိုင်းဆိုင်ရာ ရပ်တည်ချက်များဘက်သို့ ကူးပြောင်းလာစေရာတွင် အထောက်အကူပြုခဲ့ပါသည်။ ဤအပြောင်းအလဲကို အလယ်အလတ်ဝါဒဘက်သို့ တိမ်းညွတ်သည့် မဲဆန္ဒရှင်များက ထောက်ခံခဲ့ကြပါသည်။ ယင်းကို ၁၉၉၈ ခုနှစ် ရွေးကောက်ပွဲများတွင် တွေ့မြင်ရသည့်အတိုင်း ဆိုရှယ်ဒီမိုကရက်တစ်ပါတီ နှင့် လေဘာပါတီတို့ကဲ့သို့သော ဗဟိုအမျိုးသားရေးဝါဒီ ပါတီများထံသို့ အောက်ပိုင်းအဆင့် ကြိုက်နှစ်သက်မှုဦးစားပေးဆန္ဒမဲများ ရောက်ရှိသွားခြင်းဖြင့် တွေ့နိုင်သည်။ အလားတူပင် ယူနီယံ ဝါဒီများဘက်တွင်လည်း STV သည် သဘောတူညီမှုကို ဆန့်ကျင်သော ယူနီယံဝါဒီ ပါတီများကို ၎င်းတို့၏ အောက်ပိုင်းအဆင့် ဆန္ဒမဲများအား "သဘောတူညီမှု လိုလားသည့်" ပါတီများ နှင့် ကိုယ်စားလှယ်လောင်းများ အများအပြား ပါဝင်သည့် အခြားသော ယူနီယံဝါဒီပါတီများ နှင့် ကိုယ်စားလှယ်လောင်းများထံသို့ လွှဲပြောင်းပေးရန် အားပေးခဲ့ပါသည်။

အဆိုပါ မဲလွှဲပြောင်းမှုများသည် ဗဟိုကို အကျိုးကျေးဇူးရရှိစေခဲ့ပြီး Catholic SDLP သို့မဟုတ် Protestant Ulster Unionists (UUP) နှင့် Progressive Unionists (PUP) တို့ကဲ့သို့သော သဘောတူညီမှု လိုလားသည့် အသိုင်းအဝိုင်းများဆိုင်ရာ ပါတီများအား အခြား သဘောတူညီမှု လိုလားသည့် အင်အားစုများထံမှ အောက်ပိုင်းအဆင့် ဆန္ဒမဲများ ရရှိစေခဲ့သည်။ UUP သည် ပထမ ဦးစားပေးဆန္ဒမဲများတွင် ၂၁ ရာခိုင်နှုန်းသာ ရရှိခဲ့သော်လည်း ပါလီမန်အတွင်း ၂၆ % အထိ နေရာရရှိခဲ့သဖြင့် ဤစနစ်မှ သိသိသာသာ အကျိုးအမြတ် ရရှိခဲ့သည်။ ဤလုပ်ငန်းစဉ်သည် the Alliance နှင့် the Women's Coalition ကဲ့သို့သော ဂိုဏ်းဂဏမစွဲသည့် "အလယ်အလတ်" ပါတီအချို့ကိုလည်း အကျိုးကျေးဇူး ရရှိစေခဲ့သည်။ ယင်းတို့သည် နိုင်ငံရေး အရ ကွဲပြားနေသည့် ဘက်နှစ်ဖက်စလုံးမှ အောက်ပိုင်းအဆင့် ဆန္ဒမဲများ ရရှိခဲ့ပြီး အကျိုးဆက်အဖြစ် ပါလီမန်အသစ်တွင် အချိုးအစားအရ ကိုယ်စားပြုပါဝင်မှု ကျော်လွန်များပြားစွာ ရရှိခဲ့ပါသည်။

အဆိုပါ လမ်းကြောင်းများသည် ဖွဲ့စည်းနိုင်သည့် မဟာမိတ်အဖွဲ့အစည်းအမျိုးအစားများနှင့်တကွ "သဘောတူညီမှု လိုလားသည့်" ပါတီများ ၇၀% အထိပါဝင်သော ပါလီမန်သစ် တဖြည်းဖြည်း ပေါ်ပေါက်လာမှုတို့အပေါ် ကောင်းမွန်သည့် သြဇာလွှမ်းမိုးမှုတစ်ခုရှိခဲ့ပါသည်။ အမှန်စင်စစ်တွင် မဲလွှဲပြောင်းစနစ်များသည် "သဘောတူညီမှု ဆန့်ကျင်သည့်" ယူနီယံဝါဒီ မဲဆန္ဒရှင်လူများစုအား "သဘောတူညီမှုလိုလားသည့်" ယူနီယံဝါဒီ လွှတ်တော်တွင်း လူများစုတစ်ခုအဖြစ် ပြောင်းလဲရာတွင် အလွန်အရေးကြီးပါသည်။ မြောက်အိုင်ယာလန်၏

အခက်အခဲများစွာရှိခဲ့သည့် သမိုင်းကြောင်းအရ ယင်းသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ရေးအတွက် လုံလောက်ချင်မှ လုံလောက်မည် ဖြစ်သော်လည်း ထိုသို့ အောင်မြင်စေမည့် အခွင့်အလမ်းများကိုမူ မြင့်တက်လာစေကြောင်း ထင်ရှားစွာ တွေ့ရှိရပါသည်။

**အက်စတိုးနီးယား။** သွေးကွဲနေသည့် လူ့အဖွဲ့အစည်းတစ်ခုတွင် STV အသုံးပြုခြင်းအတွက် နောက်ထပ် ဥပမာတစ်ရပ်မှာ အက်စတိုးနီးယားနိုင်ငံဖြစ်သည်။ အက်စတိုးနီးယားနိုင်ငံတွင် လူများစု (၆၇ ရာခိုင်နှုန်း) အက်စတိုးနီးယား ဘာသာစကားပြောဆိုသည့် အသိုင်းအဝိုင်းတစ်ခု နှင့် လူနည်းစု (၃၅ ရာခိုင်နှုန်း) ရုရှားဘာသာစကားပြောဆိုသည့် အသိုင်းအဝိုင်းတစ်ခုတို့အကြား စိတ်ဝမ်းကွဲပြား နေသ ည်။ အက်စတိုးနီးယားနိုင်ငံသည် ၁၉၉၀ ခုနှစ်အတွင်း ၎င်း၏ ပထမဆုံးအကြိမ် ဆိုဗီယက် အလွန် အမျိုးသားရွေးကောက်ပွဲတွင် STV ရွေးကောက်တင်မြောက်မှုစနစ်တစ်ခုကို အသုံးပြုခဲ့ပါ သည်။ မည်သို့ပင်ဆိုစေကာမူ မြောက်အိုင်ယာလန်နှင့်ကွဲပြားသည်မှာ ဤ "တစ်ကြိမ်တည်း" ဒီမိုကရေစီ ပြန်လည်ဖော်ဆောင်သည့် ရွေးကောက်ပွဲကို သုံးသပ်လေ့လာရာတွင် အသိုင်းအဝိုင်း နှစ်ခုအကြား လူမျိုးစုများအကြား ဆန္ဒမဲပေးခြင်း သို့မဟုတ် ဆန္ဒမဲများ စုပေါင်းမျှဝေးခြင်းဆိုင်ရာ လုပ်ဆောင်မှုတို့ကို အနည်းငယ်မျှသာ တွေ့ရပါသည်။ လေ့လာမှုများအရ ရုရှားလူမျိုးမဲဆန္ဒရှင် များသည် အဓိကအားဖြင့် လစ်ဘရယ်ဒီမိုကရေစီ "ရုရှား" ပါတီများကို မဲပေးခဲ့ကြပြီး ၎င်းတို့၏ ဒုတိယဦးစားပေးရွေးချယ်မှုများအဖြစ် "လစ်ဘရယ်ဝါဒီ အက်စတိုးနီးယားလူမျိုးများထက် ဖောက်ပြန်ရေး နယ်ချဲ့ဝါဒီ ရုရှားကိုယ်စားလှယ်လောင်းများကို အများစုက ရွေးချယ်ခဲ့ကြသည်။ အလားတူပင် အက်စတိုးနီးယား ကိုယ်စားလှယ်လောင်းများကို ပထမဦးစားပေးအဖြစ် ရွေးချယ်ခဲ့ ကြသော မဲဆန္ဒရှင်များသည်လည်း နောက်ထပ်ဦးစားပေးရွေးချယ်မှုများတွင် အက်စတိုးနီးယား ကိုယ်စားလှယ်လောင်းများကို ဆက်လက်ရွေးချယ်ခဲ့ကြသည်။" [၁၀] လူမျိုးစုများအကြား မဲလွှဲပြောင်းမှု အချို့၊ အထူးသဖြင့် အက်စတိုးနီးယားလူမျိုးမဟုတ်သည့် မဲဆန္ဒရှင်များမှ အက်စတိုးနီးယား လူမျိုးများကို ထောက်ခံမှုအချို့ကို တွေ့ခဲ့ရသော်လည်း ယင်းသည် ရွေးကောက်တင်မြောက်မှုဆိုင်ရာ မက်လုံးများအတွက် တုန့်ပြန်မှုဟုတ်မဟုတ် မသေချာပေ။

သို့တိုင် STV အား အကူးအပြောင်းကာလ၏ အစောပိုင်းအဆင့်တွင် အသုံးပြုခြင်းသည် စုပေါင်းပါဝင် သည့် လူမျိုးစုမျိုးစုံ ပါတီစနစ်တစ်ခု ပေါ်ပေါက်လာစေရေးကို အထောက်အကူပြုကြောင်း အက်စတိုး နီးယားနိုင်ငံ၏ ဖြစ်စဉ်မှ အထောက်အထားများရှိပါသည်။ STV သည် သွေးကွဲနေသည့် လူ့အဖွဲ့

အစည်းများတွင် ပဋိပက္ခစီမံခန့်ခွဲရေးအတွက် အရေးပါသည့် ကိရိယာတစ်ခုဖြစ်ပါသည်။ အချို့သော စိစစ်လေ့လာမှုများအရ STV များအား (အုပ်စုအခြေပြုထက်) ပုဂ္ဂိုလ်အခြေပြု ကိုယ်စားလှယ်လောင်း များဖြင့် အချိုးညီသည့် ရလဒ်များကို ပေါင်းစပ်ခြင်းသည် အက်စတိုးနီးယားနိုင်ငံတွင် ကျယ်ပြန့်စုံလင် သည့် ပါတီစနစ်တစ်ခု ပေါ်ပေါက်လာစေရန် အထောက်အကူပြုခဲ့ပြီး ပါတီများအနေဖြင့် လူမျိုးစုများ ပေါ်တွင်သာ သီးသန့် အခြေခံကာ ဖွဲ့စည်းခြင်းကို တားမြစ်ထားပါသည်။ [၁၁] ဥရောပ အရှေ့ပိုင်းရှိ ရွေးကောက်တင်မြောက်မှု စနစ် ရွေးချယ်မှုများဆိုင်ရာ အခြားသော နှိုင်းယှဉ်လေ့လာချက်တစ်ခုအရ သွေးကွဲနေသည့်
လူ့အဖွဲ့အစည်းများအတွက် ရွေးကောက်တင်မြောက်မှု စနစ်များကို ပုံစံရေးဆွဲ ရာတွင် အကောင်းဆုံး ဗျူဟာများသည် (အုပ်စု သို့မဟုတ် ပါတီအခြေပြု) ဆန္ဒမဲပေးခြင်းထက် ကိုယ်စားလှယ်လောင်းအခြေပြု ဆန္ဒမဲပေးခြင်းကို အားပေးမြှင့်တင်ကာ အုပ်စုများအား မျှမျှတတ ကိုယ်စားပြုနိုင်စေရန် ကြိုးပမ်းသင့်သည်ဟု ကောက်ချက်ချထားပါသည်။ ထို့ကြောင့် STV သည် ဒီမိုကရေစီ နိုင်ငံသစ်များရှိ နိုင်ငံရေးတွင် လူမျိုးရေးပဋိပက္ခများကို ကာကွယ်နိုင်ရေးအတွက် "ကွက်တိ ဖြစ်နေသည့် အင်စတီကျူးရှင်းဆိုင်ရာ လှည့်ကွက်ပင်" ဖြစ်ကောင်းဖြစ်နိုင်ပါသည်။[၁၂]

အကယ်၍ အက်စတိုးနီးယားတွင် STV အား ဆက်လက်ထားရှိကျင့်သုံးခဲ့ပါက နိုင်ငံရေးသမားများ အနေဖြင့် စနစ် နှင့် ၎င်း၏ သက်ရောက်မှုများအကြောင်း လေ့လာသိရှိလာသည်နှင့်အမျှ ရွေးကောက် တင်မြောက်မှုဆိုင်ရာ ဗျူဟာများ တိုးတက်လာနိုင်ဖွယ်ရှိပါသည်။ သို့ရာတွင် ထိုသို့ဖြစ်လာရန် အခြေ အနေမပေးခဲ့ပေ။ ၁၉၉၂ ခုနှစ်တွင် အဓိက ပါတီအချို့က STV စနစ်အစား List PR ပုံစံကွဲတစ်ခုကို ပြောင်းလဲကျင့်သုံးပါက အကျိုးရှိနိုင်မည်ဟု တွက်ချက်ခဲ့ပြီးနောက် ပါလီမန်သစ်သည် STV ကို စွန့်လွှတ်ခဲ့ကာ List PR မူကွဲတစ်ခုကို ကျင့်သုံးခဲ့သည်။ အခြေအနေများ လျင်မြန်စွာ ပြောင်းလဲနေမှု နှင့် STV အား နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းသဘောတူညီမှုတစ်ခုအဖြစ် ကျင့်သုံးခဲ့ကာ အလားတူ အကြောင်းအရင်းများကြောင့်ပင် စွန့်လွှတ်ခဲ့သောကြောင့် အက်စတိုးနီးယားနိုင်ငံ၏ နိုင်ငံရေးအပေါ် STV ၏ နိုင်ငံရေးဆိုင်ရာ သက်ရောက်မှုကို သုံးသပ်ရန် ခက်ခဲပါသည်။ Rein Taagepera က အဓိက သင်ခန်းစာနှစ်ရပ်ကို ထောက်ပြခဲ့ပါသည်။ ပထမအချက်မှာ အက်စတိုးနီးယားကဲ့သို့သော လွတ်လပ် သည့် ရွေးကောက်ပွဲများနှင့်ပတ်သက်၍ လတ်တလောကာလအတွင်းတွင်မှ အတွေ့အကြုံ အနည်းငယ်မျှ ရှိလာခဲ့သော နိုင်ငံတစ်နိုင်ငံတွင်ပင် အတော်အသင့်ရှုပ်ထွေးသည့် STV မဲပေးမှုကို အခက်အခဲမရှိ ကျင့်သုံးနိုင်ခဲ့ကြောင်း နှင့် ဒုတိယအချက်မှာ "မည်သည့် ရွေးကောက်တင်မြောက်မှု ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို

ကျင့်သုံးသည်ဖြစ်စေ ပြန်လည်ပြင်ဆင်ပြောင်းလဲမှုများ မပြုလုပ်မီ အနည်းဆုံး ရွေးကောက်ပွဲနှစ်ပွဲအထိ ဆက်လက်ကျင့်သုံးသင့်ကြောင်း” ဖြစ်ပါသည်။ [၁၃]

**သြစတေးလျ။** နိုင်ငံရေးဆိုင်ရာ အစွန်းရောက်ဝါဒကို ကာကွယ်ရန်အတွက် ကြိုက်နှစ်သက်မှု ဦးစားပေး ဆန္ဒမဲပေးခြင်းကို အသုံးပြုသည့် လတ်တလော ဥပမာများအနက် စိတ်ဝင်စားဖွယ် အကောင်းဆုံး ဥပမာတစ်ရပ်မှာ ကမ္ဘာပေါ်ရှိ အခြေကျပြီးအဖြစ်ဆုံး ဒီမိုကရေစီစနစ်များအနက် တစ်ခု အပါအဝင် ဖြစ်သည့် သြစတေးလျနိုင်ငံ၏ ဖြစ်နိုင်ခြေနည်းပါးသည့် အခင်းအကျင်းတစ်ခုဖြစ်ပါသည်။ သြစတေးလျနိုင်ငံသည် သွေးကွဲနေသည့် လူ့အဖွဲ့အစည်းတစ်ခုမဟုတ်သော်လည်း အလွန်ကွဲပြား စုံလင်သည့် ပြည်သူလူထုတစ်ရပ်ရှိပါသည်။ လူဦးရေ၏ ၄၀ ရာခိုင်နှုန်းနီးပါးသည် ရွှေ့ပြောင်းဝင်လာကြသူများ သို့မဟုတ် ရွှေ့ပြောင်းဝင်လာကြသူများ၏ မျိုးဆက်များဖြစ်ကြပြီး ၎င်းတို့အနက် များစွာတို့သည် ဥရောပတိုက် တောင်ပိုင်း၊ အရှေ့အလယ်ပိုင်း နှင့် အာရှတိုက်တို့ကဲ့သို့သော အင်္ဂလိပ် စကားမပြောသည့် နိုင်ငံများမှ ဖြစ်ကြသည်။ ကြိုက်နှစ်သက်မှု ဦးစားပေး ဆန္ဒမဲပေးခြင်း စနစ်များအား သြစတေးလျနိုင်ငံ၏ တရားစီရင်ပိုင်ခွင့်အားလုံးတွင် အသုံးချပြီး အောက်လွှတ်တော်တွင် AV စနစ်များ ပုံစံဖြင့် အသုံးပြုကာ အထက်လွှတ်တော်တွင် အချိုးကျ STV စနစ်များအဖြစ် အသုံးပြုပါသည်။ နှစ်ကာလများ ကြာမြင့်လာခဲ့သည့်အခါ ကြိုက်နှစ်သက်မှုဦးစားပေး ဆန္ဒမဲပေးခြင်းသည် သြစတေးလျ နိုင်ငံ၏ နိုင်ငံရေးစနစ်အား အစွန်းရောက်မှုများမှ ဝေးရာသို့ တွန်းပို့ခဲ့ပြီး “အလယ်အလတ် ဗဟိုဝါဒ” သို့ တွန်းပို့ခဲ့ကာ ဖြစ်စဉ်အများစုတွင် ရွေးကောက်တင်မြှောက်သော အစိုးရများသည် ပြည်သူလူထု အများစု၏ ထောက်ခံအားပေးမှု ရရှိသည့် အစိုးရများဖြစ်ကြောင်း သေချာစေသည်။ ယင်းသည် ပါတီများအကြား မိတ်ဖက်ဆောင်ရွက်မှု အစီအမံများ ပေါ်ပေါက်လာစေခဲ့သည်။ ကွန်ဆာဗေးတစ် လစ်ဘရယ် နှင့် အမျိုးသားရေး ပါတီများအကြား ကာလကြာမြင့်စွာရှိလာခဲ့ပြီဖြစ်သော ညှိနှိုင်းပေါင်း သဘောတူညီချက်သည် အထင်ရှားဆုံး ဥပမာတစ်ရပ်ဖြစ်ပြီး အခြားသော ဥပမာများလည်း ရှိပါသည်။ မကြာသေးမီနှစ်များအတွင်း အခြားသော အဓိက ပါတီတစ်ခုဖြစ်သည့် သြစတေးလျ အလုပ်သမား ပါတီသည်လည်း Greens နှင့် Australian Democrats ကဲ့သို့သော လက်ဝဲယိမ်းသည့် ပါတီငယ်များ ထံမှ ကြိုက်နှစ်သက်မှုဦးစားပေး ဆန္ဒမဲများ ရရှိခြင်းကြောင့် အကျိုးကျေးဇူးများ ရရှိလာခဲ့သည်။ [၁၄]

ဖြစ်စဉ်အများစုတို့တွင် ထိုသို့သော မဲလွှဲပြောင်းပေးမှုများ၏ သက်ရောက်မှုသည် တူညီသည့် အကျိုးစီးပွားများအား ဘုံရန်သူတစ်ဦးကို စုပေါင်းဆန့်ကျင်ရာတွင် အသုံးပြုမည့်အစား နိုင်ငံရေးအရ လေဘာဘ က်တွင်ဖြစ်စေ ကွန်ဆာဗေးတစ်ဘက်တွင်ဖြစ်စေ စုပေါင်းရန်ဖြစ်သည်။ ဤစည်းမျဉ်း အတွက် ထင်ရှားသည့် ခြွင်းချက်တစ်ခုသည် Pauline Hanson နှင့် သူမ၏ One Nation

ပါတီတို့၏ အာဏာကြီးထွားလာမှုကြောင့် ၁၉၉၈ ခုနှစ် ဖက်ဒရယ် ရွေးကောက်ပွဲတွင်ဖြစ်ပွားခဲ့သည်။ One Nation သည် ၁၉၉၀ ခုနှစ်များတွင် ဥရောပ၌ ပေါ်ပေါက်လာခဲ့သော လူမျိုးရေးခွဲခြားသည့် လူပြိန်းကြိုက်ဝါဒီ လက်ယာနိုင်ငံရေး ပါတီများကဲ့သို့သော ဩစတေးလျပါတီတစ်ခုဖြစ်သည်။ Hanson သည် ပထမဆုံးအဖြစ် ၁၉၉၆ ခုနှစ်တွင် အောက်လွှတ်တော်သို့ ရွေးကောက်တင်မြှောက်ခံခဲ့ရပြီး ရွှေ့ပြောင်းအခြေချဝင်ရောက်လူမှုများကို အဆုံးသတ်ရေး၊ လူမည်းများ နှင့် အခြားသော ချို့တဲ့သည့် အုပ်စုများအား အကျိုးကျေးဇူးများ နှင့် အထောက်အပံ့များပေးနေခြင်းကို ရပ်တန့်ရေး၊ အခွန်များ သိသိသာသာ လျော့ချရေး၊ အကောက်ခွန်များ တိုးမြှင့်ရေး၊ နိုင်ငံတကာ အကူအညီများအားလုံး အဆုံးသတ်ရေး နှင့် ဩစတေးလျနိုင်ငံအား ကုလသမဂ္ဂကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းများမှ ဖယ်ရှားခြင်းတို့ဆိုင်ရာ စကြဲတစ်ခုပေါ်တွင် စည်းရုံးလှုံ့ဆော်ခဲ့သည်။

ပြည်တွင်း နှင့် နိုင်ငံတကာ မီဒီယာများ၏ အာရုံစူးစိုက်မှု ကာလရှည်ကြာ ရရှိလာခဲ့ပြီးနောက်တွင် ဩစတေးလျပါတီများသည် ၎င်းတို့၏ အမြင်အရ နိုင်ငံရေးစနစ်အတွင်း အန္တရာယ်ကြီးမားသည့် ဖောက်ပြန်မှုတစ်ခုကို အဆုံးသတ်ရန်အတွက် ပူးပေါင်းဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ဤသို့ လုပ်ဆောင်ရန် ထိရောက်သည့် နည်းလမ်းတစ်ရပ်မှာ တိတိကျကျ သတ်မှတ်ခွဲဝေထားသည့် အောက်ပိုင်းအဆင့် ဦးစားပေးဆန္ဒမဲပေးခြင်းတစ်ခုကို ၎င်းတို့ကို ထောက်ခံကြသူများထံ တင်ပြခြင်းဖြစ်သည်။ Hanson ၏ Queensland ခရိုင်ရှိ ၁၉၉၈ ရွေးကောက်ပွဲတွင် အဓိက ပါတီကြီးများအားလုံးသည် ဆန္ဒမဲပေးရာ၌ ဦးစားပေးကြိုက်နှစ်သက်မှုတွင် (၎င်းတို့၏ အဓိက အတိုက်အခံပါတီကို နောက်ဆုံး၌ ထားရှိရန် အဆိုပြုသည့် လုပ်ဆောင်နေကျ ဗျူဟာအစား) Hanson ကို နောက်ဆုံး၌ ထားရှိရန် ၎င်းတို့၏ ထောက်ခံအားပေးသူများအား ညွှန်ကြားခဲ့ကြသည်။

ရလဒ်မှာ ဗဟိုမှ ထောက်ခံမှု သိသိသာသာ ရရှိသော်လည်း နောက်ဆုံးတွင် ထောက်ခံသည့် မဲဆန္ဒရှင်ထက် မထောက်ခံသည့် မဲဆန္ဒရှင်ပိုမိုများပြားသည့် အစွန်းရောက် ကိုယ်စားလှယ်လောင်းတစ်ဦးကို အနိုင်ရရှိရန် AV စည်းမျဉ်းစည်းကမ်းများ အသုံးပြုရေးအတွက် လမ်းညွှန်နိုင်မည့် သင်ခန်းစာတစ်ရပ် ဖြစ်ပါသည်။ ကိုယ်စားလှယ်လောင်း ၉ ဦးရှိရာတွင် Hanson သည် ပထမဦးစားပေး ဆန္ဒမဲတွင် ၃၆ ရာခိုင်နှုန်းရရှိကာ ဆန္ဒမဲအများဆုံး ရရှိခဲ့သော်လည်း ဦးစားပေးဆန္ဒမဲ လွှဲပြောင်းမှု အနည်းငယ်မျှသာ ရရှိခဲ့သည်။ ဆန္ဒမဲများကို ဆက်လက်ရေတွက်ရာတွင် လေဘာကိုယ်စားလှယ်လောင်းထံမှ ဦးစားပေး ဆန္ဒမဲ

လွှဲပြောင်းမှုများ၏ လေးပုံ-သုံးပုံနီးပါးသည်
လစ်ဘရယ်ကိုယ်စားလှယ်လောင်းတစ်ဦးထံသို့ ရောက်ရှိသွားပြီး ၄င်းသည် ပထမဦးစားပေး ဆန္ဒမဲတွင် တတိယအများဆုံးသာ ရရှိသော်လည်း (ဦးစားပေးဆန္ဒမဲများ ခွဲဝေသည့်) စုစုပေါင်း ဆန္ဒမဲ ၅၃.၄ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိသွားသည်။ ယင်းရလဒ်ကို နိုင်ငံတစ်ဝှမ်းရှိ အခြားသော ဒေသများတွင်လည်း ထိုမျှလောက် မသိသာသည့် ပုံစံဖြင့် တွေ့ ရပြီး (One Nation သည် ဆီးနိတ်လွှတ်တော်တွင် နေရာတစ်နေရာ အနိုင်ရရှိခဲ့သော်လည်း) ၄င်းကို ဖက်ဒရယ်နိုင်ငံရေးမှ အများအားဖြင့် ဖယ်ရှားနိုင်ခဲ့သည်။ အခြားတစ်ဖက်တွင် Hanson သည် ဗဟုစနစ်တစ်ခုအောက်တွင်ဖြစ်ပါက ကွဲပြားနေကြသည့် ပိုမို၍ အလယ်အလတ်ဆန်သော ကိုယ်စားလှယ်လောင်းများကို အနိုင်ရရှိမည်ဖြစ်ကာ ဖက်ဒရယ်လွှတ်တော်တွင် နေရာရရှိမည်မှာ ကျိန်းသေပေါက်နီးပါးပင်ဖြစ်သည်။ ထို့ကြောင့် ဩစတေးလျနိုင်ငံ၏ ဥပမာတွင် ပဋိပက္ခစီမံခန့်ခွဲရေး အတွက် ကြိုတင်ကာကွယ်သည့် ပုံစံတစ်ခုဖြစ်သော ကွဲပြားမှုဖြစ်ပေါ်လာနိုင်သည့် အခြေအနေတစ်ရပ် အတွင်း ဗဟိုဝါဒီအကျိုးစီးပွားများ နှင့် Centripetal နိုင်ငံရေး ဗျူဟာများကို ဦးစားပေးနိုင်သည့် AV ၏ စွမ်းရည်ကို တွေ့မြင်ရ ပါသည်။

**ဖီဂျီ။** Centripetal ချဉ်းကပ်မှုနည်းလမ်းများကို အသုံးပြုကာ ရွေးကောက်ပွဲဆိုင်ရာ ပုံစံရေးဆွဲရေး အတွက် မကြာသေးမီကာလအတွင်းရှိ အကျယ်ပြန့်ဆုံး ကြိုးပမ်းမှုများအနက် တစ်ခုမှာ ဖီဂျီနိုင်ငံတွင် ဖြစ်ပွားခဲ့သည်။ ဖီဂျီသည် ဌာနေတိုင်းရင်းသားများ နှင့် အိန္ဒိယမျိုးနွယ် ဖီဂျီများအကြား အညီအမျှနီးပါး ကွဲပြားနေသည့် လူဦးရေ ၇၅၀၀၀၀ ခန့်ရှိသော တောင်ပစိဖိတ် ကျွန်းနိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ ဖီဂျီ၏ ဌာနေတိုင်းရင်းသားများတွင် ပစိဖိတ်ကျွန်းစုများတစ်လျှောက် တွေ့ရသည့် မီလန်နီးရှား နှင့် ပိုလီနီးရှား အုပ်စုများ ပေါင်းစပ်ပါဝင်ပြီး ဖီဂျီ၏ အိန္ဒိယလူမျိုး နိုင်ငံသားများသည် ၁၉ ရာစုအတွင်း ဗြိတိသျှ ကိုလိုနီအုပ်ချုပ်မှု အောက်၌ ဖီဂျီ၏ ကြံခင်းများတွင် အိန္ဒိယ တောင်ပိုင်းမှ လာရောက်အလုပ်လုပ် ကိုင်ကြသည့် ကန်ထရိုက်လုပ်သားများမှ ဆင်းသက်လာသူများဖြစ်ကြသည်။ ဖီဂျီ၏ လူ့အဖွဲ့အစည်း နှင့် နိုင်ငံရေးတို့တွင် အဆိုပါ အသိုင်းအဝိုင်းများအကြား အဆင်ပြေမှုမရှိသည့် ပူးတွဲနေထိုင်မှု အင်္ဂါရပ် များ ကာလရှည်ကြာရှိလာခဲ့ပြီး အိန္ဒိယလူမျိုး ဖီဂျီနိုင်ငံသားများသည် စီးပွားရေး၏ အဓိက နယ်ပယ် အချို့ (အထူးသဖြင့် ကြံထုတ်လုပ်ရေးလုပ်ငန်းတွင်) လွှမ်းမိုးလျက်ရှိကာ ဌာနေတိုင်းရင်းသား ဖီဂျီ များသည် မြေယာ ၉၀ ရာခိုင်နှုန်း ပိုင်ဆိုင်သော်လည်း စီးပွားရေး အာဏာမှာမူ အနည်းငယ်မျှသာ ရှိကြ ပါသည်။

ရွေးကောက်တင်မြှောက်ခံ အစိုးရသည် အိန္ဒိယ အသိုင်းအဝိုင်းနှင့် လိုအပ်သည်ထက်ပိုသည့် နီးစပ်မှု ရှိနေသည်ဟု ရှုမြင်ခြင်းကြောင့် စစ်တပ်မှ အာဏာသိမ်းမှုနှစ်ခု ဖြစ်ပွားအပြီး ဆယ်နှစ်အကြာ ၁၉၉၇

ခုနှစ်အတွင်း နှင့် စီးပွားရေးတိုးတက်မှု ဆိတ်သုဉ်းနေခြင်း၊ အိန္ဒိယနိုင်ငံမှ ရွှေ့ပြောင်းနေထိုင်လာကြသူများ တစ်စထက်တစ်စ တိုးတက်လာခြင်း နှင့် နိုင်ငံတကာမှ ဖိအားများ မြင့်တက်လာခြင်းတို့ကို တွေ့ကြုံရချိန်တွင် ဖီဂျီအား လူမျိုးစုပေါင်းစုံ ပါဝင်သော နိုင်ငံရေးဘက်သို့ "ဖြည်းညင်းသော်လည်း ပြတ်သားစွာ" တွန်းပို့ရန် ကြိုးပမ်းထားသော အာဏာခွဲဝေသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ခု ကို ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် AV မဲပေးစနစ်တစ်ခုအပါအဝင် ပွင့်လင်း ပြီး လူမျိုးစုပေါင်းစုံပါဝင်သော နိုင်ငံရေးဆိုင်ရာ ယှဉ်ပြိုင်မှုတစ်ခု ဖြစ်ထွန်းပေါ်ပေါက်လာရေးကို အားပေးရန် ပုံစံရေးဆွဲထားသည့် ဆန်းသစ်သော ရွေးကောက်တင်မြှောက်မှု နှင့် အာဏာခွဲဝေမှု အစီအမံများကို ဖော်ပြထားပါသည်။ အုပ်စုတစ်စုမှ နိုင်ငံရေးသမားများအနေဖြင့် ရွေးကောက်ပွဲတွင် အောင်မြင်မှုရရှိရေးအတွက် အခြားသော အုပ်စုထံမှ ဆန္ဒမဲများကို မှီခိုအားထားရစေရန် ပြုလုပ်ခြင်း ဖြင့် AV သည် ပြိုင်ဖက် လူမျိုးစု ပါတီများအကြား အတိုင်းအတာတစ်ခုအထိ ဆန္ဒမဲများ စုပေါင်း မျှဝေခြင်းကို အားပေးမြှင့်တင်နိုင်သောကြောင့် ဖီဂျီ၏ သဘောထားကွဲပြားမှု ကြီးမားနေသည့် အိန္ဒိယ နှင့် ဌာနေတိုင်းရင်းသား ဖီဂျီအသိုင်းအဝိုင်းများအကြား (နှင့် ၎င်းတို့အတွင်း) အတူယှဉ်တွဲနေထိုင်ရေး ကို မြှင့်တင်နိုင်မည်ဟု ဆိုနိုင်ပါသည်။ ၁၅

ဖီဂျီတွင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အောက်၌ ပထမဆုံးအကြိမ်ကျင်းပခဲ့သည့် ၁၉၉၉ ခုနှစ် ပါလီမန် ရွေးကောက်ပွဲသည် စနစ်သစ်အတွက် ပထမဆုံး လက်တွေ့ စမ်းသပ်ချက်တစ်ခုဖြစ်ပါသည်။ အစောပိုင်း တွေ့မြင်ခဲ့ရသည့် လက္ခဏာများသည် အားတက်ဖွယ်ရာပင်ဖြစ်သည် - လူမျိုးရေးအရ ကွဲပြားနေသည့် နှစ်ဘက်စလုံးမှ နိုင်ငံရေးပါတီများသည် ရွေးကောက်ပွဲအကြို မဟာမိတ်များ ဖွဲ့ခြင်း ဖြင့် ပြောင်းလဲထားသည့် မက်လုံးများကို တုန့်ပြန်ခဲ့ကြသည်။ ယင်းသည် ယခင်ကဲ့သို့ ရွေးကောက်ပွဲ တွင် လူမျိုးစုတစ်စုတည်း ပါဝင်သည့် ပါတီများအကြား ယှဉ်ပြိုင်မည့်အစား ကြီးမားသည့် လူမျိုးစုမျိုးစုံ ပါဝင်သော ညွန့်ပေါင်းအဖွဲ့ကြီးနှစ်ခုအကြား ယှဉ်ပြိုင်ခဲ့ကြသည်ဟု ဆိုလိုပါသည်။ ဖီဂျီ၏ သတ်မှတ် ထားသော လူမျိုးစု ၃ ခုဖြစ်သော - ဌာနေတိုင်းရင်းသား ဖီဂျီလူမျိုးများ၊ အိန္ဒိယ-ဖီဂျီများ နှင့် "အထွေထွေ" (ဥရောပ၊ တရုတ် နှင့် အခြားလူနည်းစု) မဲဆန္ဒရှင်များ၏ အကျိုးစီးပွားများကို ကိုယ်စား ပြုသည့် ပါတီများသည် အဆိုပါ ညွန့်ပေါင်းအဖွဲ့ကြီးနှစ်ခုစလုံး၏ အဓိကအစိတ်အပိုင်းဖြစ်လာခဲ့ ကြသည်။ ညွန့်ပေါင်းအဖွဲ့ကြီးနှစ်ခုစလုံးကို လူမျိုးစုများအကြား ဦးစားပေးဆန္ဒမဲ ဖလှယ်မှုများက အထောက်အကူပြုခဲ့သဖြင့် စည်းမျဉ်းစည်းကမ်းသစ်များသည် ယခင်က လူမျိုးရေးအရ ကွဲပြားနေ ကြသည့် အတိုက်အခံဟောင်းများကို အတူတကွ ပူးပေါင်းလာကြစေသည့် စေ့စပ်ညှိနှိုင်းနိုင်သည့် ဝန်းကျင်သစ်များ ပေါ်ပေါက်လာစေရန်လည်း

အထောက်အကူဖြစ်စေခဲ့ပြီး ယခင်ရွေးကောက်ပွဲများ၌ သိသာစွာ ပျောက်ကွယ်နေခဲ့သည့် ယဉ်ကျေးမှု မတူညီသည့် အသိုင်းအဝိုင်းများအကြား ဆက်ဆံရေး တစ်ခုကို အတိုင်းအတာတစ်ခုအထိ အားပေးခဲ့ပါသည်။ [၁၆]

ရွေးကောက်ပွဲတွင် မျှော်လင့်မထားဘဲ ဖီဂျီလေဘာပါတီအတွက် ဆန္ဒမဲများ အခိုင်အမာရရှိလာခဲ့ခြင်း နှင့် ဌာနေတိုင်းရင်းသား ဖီဂျီများ၏ ဆန္ဒမဲများ ကွဲပြားနေမှုတို့ ပေါင်းစုံသွားသည့်အခါ အဆိုပါ အုပ်စု ကြီးများအနက်မှ တစ်ခုဖြစ်သော People's Coalition သည် အံ့အားသင့်ဖွယ် သောင်ပြိုကမ်းပြို အနိုင် ရရှိခဲ့သည်။ လေဘာခေါင်းဆောင်ဖြစ်သည့် Mahendra Chaudhry သည် ဖီဂျီ၏ ပထမဆုံးသော အိန္ဒိယလူမျိုး ဖီဂျီဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။ လေဘာသည် အဓိကအားဖြင့် လူမျိုးစုမျိုးစုံပါဝင်သော အဆင့်အတန်းပေါ် အခြေခံထားသည့် စကြံတစ်ခုတွင် လည်ပတ်ခဲ့ပြီး ဖီဂျီ အသိုင်းအဝိုင်းများရှိ နေရာ များအတွက် ယှဉ်ပြိုင်ရာတွင် အားနည်းသော်လည်း ကျေးလက် နှင့် မြို့ပြ ဒေသနှစ်ခုစလုံးတွင် ဆန္ဒမဲ များ ကောင်းစွာ ရရှိခဲ့သည့် တစ်ခုတည်းသော ပါတီဖြစ်ခဲ့ပါသည်။

မည်သို့ပင်ဆိုစေကာမူ အခြားပါတီအတော်များများသည် ဤစနစ်တွင် အထိနာခဲ့ကြပုံရပြီး လေဘာ နှင့် ၎င်း၏ မဟာမိတ်များ ကြီးစိုးသည့် ဟန်ချက်ညီမျှမှုမရှိသော ပါလီမန်တစ်ခုကို ဖြစ်ပေါ်လာစေခဲ့ သည်။ ဌာနေတိုင်းရင်းသား ဖီဂျီလူမျိုးများစွာတို့ဘက်တွင် အိန္ဒိယလူမျိုး ဖီဂျီ ဝန်ကြီးချုပ်တစ်ဦး ထားရှိ ခြင်းအပေါ် မကျေနပ်မှုများ ဆက်လက်၍ ဆူပွက်နေခဲ့ပြီး အိန္ဒိယဖီဂျီ အခွင့်အရေးများအတွက် စည်းရုံး လှုံ့ဆော်ရာတွင် Chaudhry ၏ တစ်ခါတစ်ရံ တဲ့တိုးပြောဆိုမှုများသည်လည်း မြေယာပိုင်ဆိုင်မှု ကဲ့သို့သော အဓိက ပြဿနာများနှင့်ပတ်သက်၍ အယုံအကြည်ကင်းမဲ့မှုများကို ပိုမိုဆိုးရွားစေခဲ့ သည်။ ၁၉၉၉ ခုနှစ် ရွေးကောက်ပွဲအပြီး တစ်နှစ်အကြာ ၂၀၀၀ ခုနှစ် မေလတွင် မအောင်မြင်သည့် ဖီဂျီ စီးပွားရေးလုပ်ငန်းရှင်တစ်ပိုင်းဖြစ်သူ George Speight ဦးဆောင်သည့် လက်နက်ကိုင်အဖွဲ့ တစ်ဖွဲ့သည် ပါလီမန်အဆောက်အဦတွင်းသို့ ထိုးဖောက်ဝင်ရောက်ကာ ဖီဂျီအစိုးရသစ်ကို ဓားစာခံ အဖြစ် ဖမ်းဆီးသွားခဲ့ပြီး နိုင်ငံရေးစနစ်တွင် ဌာနေတိုင်းရင်းသား ဖီဂျီများကို အမြင့်ဆုံးအာဏာများ ပြန်လည်အပ်နှင်းရန် တောင်းဆိုခဲ့သည်။ ဓားစာခံများကို လွှတ်ပေးနိုင်ခဲ့ပြီး Speight နှင့် ၎င်းကို ထောက်ခံသူများအား ဖမ်းဆီးနိုင်ခဲ့ချိန်တွင် ဖီဂျီသည် စစ်တပ်အုပ်ချုပ်မှုအောက်သို့ ပြန်လည်ရောက်ရှိ သွားခဲ့ပါသည်။

မည်သို့ပင်ဆိုစေကာမူ ၂၀၀၁ ခုနှစ် ဩဂုတ်လတွင် ဖီဂျီသည် ၁၉၉၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အောက်တွင် ရွေးကောက်ပွဲများ ပြန်လည်ကျင်းပခဲ့ပါသည်။
တစ်ဖန် ရွေးကောက်ပွဲဆိုင်ရာ စည်းရုံး လှုပ်ရှားမှုများတွင် ကျယ်ပြန့်သည့် အဓိက

ညွန့်ပေါင်းအဖွဲ့ကြီးနှစ်ခုအကြား ထပ်မံယှဉ်ပြိုင်ခဲ့ကြ ပြန်သည်။ ယခုအခါတွင် ညွန့်ပေါင်းအဖွဲ့ကြီးနှစ်ခုတို့မှာ "အလယ်အလတ်ဝါဒီများ" နှင့် "ကွန်ဆာ ဗေးတစ်များ" တို့ ဖြစ်ကြပါသည်။ ယခုတစ်ကြိမ်ရွေးကောက်ပွဲကိုလည်း တူညီသည့် AV ရွေးကောက် တင်မြှောက်မှု စနစ်အောက်တွင်ပင် ကျင်းပခဲ့သော်လည်း ကွဲပြားသည့် ရလဒ်တစ်ခု ရရှိလာခဲ့ပြီး စစ်တပ်မှ ခန့်အပ်ထားသည့် အာဏာရအစိုးရမှ ဌာနေတိုင်းရင်းသား ဖီဂျီ ဝန်ကြီးချုပ် Laisenia Qarase အနိုင်ရရှိခဲ့ပါသည်။

ဤသို့ ရေရာမှုမရှိသည့် သမိုင်းအရ ဖီဂျီတွင် ငြိမ်းချမ်းသော လူမျိုးစုပေါင်းစုံ ပါဝင်သည့် နိုင်ငံရေးစနစ်တစ်ခု ထွန်းကားလာစေရေး အဓိက ရည်ရွယ်ချက်ကို အသက်သွင်းရာ၌ ကြိုက်နှစ်သက်မှု ဦးစားပေးဆန္ဒမဲပေးခြင်း၏ အောင်မြင်မှုမှာ ရောထွေးနေခဲ့ပါသည်။ အကောင်းဘက်တွင် အထက်တန်းလွှာများအကြား ညှိနှိုင်းရေး နှင့် လူမျိုးစုများအကြား ဆန္ဒမဲများ စုပေါင်းမျှဝေခြင်းတို့အတွက် အခွင့်အလမ်းသစ်များအား အသိုင်းအဝိုင်းနှစ်ခုစလုံးမှ ပါတီခေါင်းဆောင်များက အသုံးချခဲ့ကြပါသည်။ ယင်းသည် အာဏာခွဲဝေသည့် အစိုးရအဖွဲ့အတွင်း နေရာများ ရရှိရေးအတွက် မျှော်မှန်းချက်များနှင့် ပေါင်းစုံသွားခဲ့သည့်အခါ ၁၉၉၉ မဲဆွယ်လှုပ်ရှားမှုမှ အပြောအဆိုများကို သိသိသာသာ ထိန်းချုပ်နိုင်ခဲ့ စေသည်။ သို့ရာတွင် ၁၉၉၉ ခုနှစ် ရွေးကောက်ပွဲ၏ ရလဒ်မှာ အချိုးမညီမှုများစွာမြင့်မားနေပြီး ဖီဂျီလေဘာပါတီမှ လွှမ်းမိုးထားခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ ၂၀၀၁ ရွေးကောက်ပွဲ၌မူ အဆိုပါ ဟန်ချက်မညီမျှမှုများသည် ထိုမျှလောက် သိသာမှုမရှိတော့သလို လူမျိုးစုများအကြားရှိ နိုင်ငံရေး ဆိုင်ရာ အပြုအမူများသည်လည်း လျော့ကျလာခဲ့သည်။ ခြုံငုံ၍ဆိုရပါက ကြိုက်နှစ်သက်မှု ဦးစားပေးဆန္ဒမဲပေးခြင်းကို မိတ်ဆက်ထည့်သွင်းခဲ့ခြင်းသည် ဖီဂျီရှိ လူမျိုးစုတစ်စုတည်း ကြီးစိုးသော နိုင်ငံရေးအလေ့အထဟောင်းများကို ဖျက်သိမ်းရာတွင် အတော်အသင့် အရေးပါသည့် အခန်းကဏ္ဍ တစ်ခုမှ ပါဝင်ခဲ့သော်လည်း ဝေဝါးနေခဲ့ပါသည်။ ယင်းသည် အနာဂတ်တွင် လူမျိုးစုမျိုးစုံပါဝင်သော နိုင်ငံရေးကို မြှင့်တင်ရန်အတွက် အထောက်အကူပြုခြင်း ရှိမရှိကိုမူ စောင့်ကြည့်ရမည်ဖြစ်သည်။

**ပါပူအာနယူးဂီနီ။** ပစိဖိတ်ဒေသရှိ နောက်ထပ်နိုင်ငံတစ်နိုင်ငံဖြစ်သော ပါပူအာနယူးဂီနီသည် လူမျိုးရေး သွေးကွဲနေသော လူ့အဖွဲ့အစည်းများတွင် ပဋိပက္ခ စီမံခန့်ခွဲရေး နည်းလမ်းတစ်ရပ်အဖြစ် ကြိုက် နှစ်သက်မှုဦးစားပေး ဆန္ဒမဲပေးခြင်းကို အသုံးပြုသည့် စိတ်ဝင်စားဖွယ်အကောင်းဆုံး ဖြစ်စဉ်ဟုဆိုနိုင် ပေသ ည်။ ပါပူအာနယူးဂီနီသည် ထူးခြားသည့် လူမျိုးရေးအရ ကွဲပြားမှုများ ရှိနေသော နိုင်ငံတစ်နိုင်ငံ ဖြစ်ပြီး ဘာသာစကားပေါင်း ၈၄၀ ခန့်ကို ပြောဆိုကြသည့် ထောင်နှင့်ချီသော

အပြိုင်အဆိုင် "ရိုးရာ အဖွဲ့အစည်းများ" ရှိသဖြင့် အလွန်ကြီးမားသည့် လူမျိုးရေး၊ ယဉ်ကျေးမှု နှင့် ဒေသဆိုင်ရာ ကွဲပြားမှု များကို တွေ့မြင်ရသည်။ အမှန်စင်စစ်တွင် ပါပူအာနယူးဂီနီတွင် နေထိုင်သူ ၅.၁ သန်းတို့မှ ပြောဆို ကြသည့် ဘာသာစကားအရေအတွက်သည် အာဖရိကတစ်တိုက်လုံးတွင် နေထိုင်ကြသူများအားလုံး ပြောဆိုသည့် ဘာသာစကားအရေအတွက်ထက်ပင် ပိုမိုများပြားပါသည်။ ပါပူအာနယူးဂီနီနိုင်ငံသည် အုံ့အားသင့်ဖွယ် အစိတ်အပိုင်းများ ကွဲပြားနေသည့် လူ့အဖွဲ့အစည်းတစ်ခုဖြစ်သော်လည်း ဖွံ့ဖြိုးဆဲ နိုင်ငံများအနက် သက်တမ်းအရှည်ဆုံး ဒီမိုကရေစီစနစ်ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကာ ၁၉၆၄ ခုနှစ် ကတည်းမှစတင်ကာ ယှဉ်ပြိုင်နိုင်စွမ်း နှင့် ပူးပေါင်းဆောင်ရွက်မှုတို့ အလွန်မြင့်မားသည့် ဒီမိုကရေစီ အုပ်ချုပ်မှု ပုံစံတစ်ရပ်ကို ကျင့်သုံးလာခဲ့ပါသည်။ [၁၇]

ရွေးကောက်တင်မြောက်မှု စနစ်များနှင့်စပ်လျဉ်း၍ ပါပူအာနယူးဂီနီ၏ ၁၉၆၄၊ ၁၉၆၈ နှင့် ၁၉၇၂ ခုနှစ် တို့တွင် ကျင်းပခဲ့သော ပထမဆုံး ရွေးကောက်ပွဲ ၃ ကြိမ်သည် ၁၉၇၅ ခုနှစ်တွင် လွတ်လပ်ရေးမရရှိမီ အထိ နိုင်ငံကို နယ်ချဲ့အုပ်ချုပ်ခဲ့သော ဩစတေးလျထံမှ အမွေဆက်ခံရရှိသည့် AV စည်းမျဉ်း စည်းကမ်းများနှင့် ကျင်းပခဲ့ခြင်းဖြစ်ပါသည်။ လွတ်လပ်ရေးရရှိပြီးနောက်တွင် အဆိုပါ စည်းမျဉ်း စည်းကမ်းများအား ဗဟုစနစ်တစ်ရပ်ဖြင့် အစားထိုးခဲ့ပါသည်။ ထိုသို့ လုပ်ဆောင်ခဲ့မှုသည် အခြေ တည်စ နိုင်ငံရေးစနစ်အတွက် အလွန်ကြီးမားသည့် ဆိုးကျိုးများ သက်ရောက်စေခဲ့သော လုပ်ဆောင်မှု ဖြစ်ပါသည်။

ပါပူအာနယူးဂီနီရှိ နိုင်ငံရေးတွင် ရိုးရာအသိုင်းအဝိုင်းများ အစိတ်စိတ်ကွဲပြားနေသည့် သဘောသဘာဝ တစ်ခုက အခိုင်အမာ လွှမ်းမိုးထားပါသည်။ ယင်းကို ထောင်နှင့်ချီသော အပြိုင်အဆိုင် "မျိုးနွယ်စု" မျိုးရိုးစဉ်ဆက် မိသားစုယူနစ်များစွာတို့ဖြင့် ဖွဲ့စည်းထားပြီး အဆိုပါ မျိုးနွယ်စုများသည် အဓိကကျပြီး (တစ်ခါတစ်ရံ တစ်ခုတည်းသော) နိုင်ငံရေးဆိုင်ရာ သစ္စာစောင့်သိမှု ယူနစ်ဖြစ်ပါသည်။ ရွေးကောက်ပွဲ ဆိုင်ရာ ယှဉ်ပြိုင်မှုများသည် အများပြည်သူဆိုင်ရာ မူဝါဒ သို့မဟုတ် အယူအဆပိုင်းဆိုင်ရာ ကိစ္စရပ် များတွင်ထက် မျိုးနွယ်စု နှင့် လူမျိုးစုအုပ်စုများ စုစည်းရေးပေါ်တွင်သာ အာရုံစူးစိုက်ပြီး ထို့ကြောင့်ပင် အခြေခံကျသော မျိုးနွယ်စု နှင့် လူမျိုးရေးဆိုင်ရာ ဆက်စပ်မှုများ၏ အရေးပါမှုကို အလေးပေးသည့် သက်ရောက်မှုတစ်ခု ရှိလေ့ရှိပါသည်။ လွတ်လပ်ရေးရရှိချိန်မှစတင်ကာ ရွေးကောက်ပွဲများသည် လူမျိုးစု အုပ်စုများအား "မျိုးနွယ်စုများအဖြစ် ပြန်လည်ဖွဲ့စည်းရေး" ကိုလည်း တိုက်တွန်းအားပေး ခဲ့ကာ အဆိုပါ အုပ်စုများတွင် နိုင်ငံရေးအာဏာ ရရှိရေး၏ စီးပွားရေးအပေါ် အရေးပါမှုကြောင့် အုပ်စု များအကြား ကွဲပြားမှုများကို တစ်စထက်တစ်စ ပိုမိုခိုင်မာလာစေခဲ့ကာ လူမျိုးစုများအကြား လက်နက်

ကိုင်ပဋိပက္ခများကို ပိုမိုကြီးထွားလာစေခဲ့သည်။ [၁၈] ထို့ကြောင့် ရွေးကောက်ပွဲများသည် မျက်မှောက် ခေတ် ပါပူအာနယူးဂီနီတွင် အစဉ်အလာအားဖြင့် ရန်ဘက်များကို ပြင်ဆင်ပေးသည့် အဓိကနည်းလမ်း များအနက်တစ်ခုအပါအဝင်ဖြစ်ပါသည်။

ယင်းသည် AV နှင့် ဗဟုစနစ် ရွေးကောက်ပွဲများတွင် ထိုသို့ဖြစ်ခဲ့ပြီး ယနေ့အထိ ထိုသို့ပင်ဖြစ်သည်။ AV စည်းမျဉ်းစည်းကမ်းများအရ လွတ်လပ်ရေးမရရှိမီက ကျင်းပခဲ့သည့် ရွေးကောက်ပွဲများရှိ ကွဲပြားမှုမှာ ရွေးကောက်တင်မြောက်သည့်စနစ်သည် လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း စံတစ်ခုကဲ့သို့ ဖြစ်လာခဲ့ သော အကြမ်းဖက် ယှဉ်ပြိုင်မှုများထက် နိုင်ငံ၏ သေးင ယ်ပြီး များပြားသည့် မျိုးနွယ်စုများအကြား ဆန္ဒမဲများ စုပေါင်းမျှဝေခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း နှင့် အတူယှဉ်တွဲနေထိုင်ခြင်းတို့ကို အတိုင်းအတာတစ်ခုအထိ အားပေးခဲ့ခြင်းဖြစ်ပါသည်။ လွတ်လပ်ရေးမရမီက ကျင်းပခဲ့သည့် ရွေးကောက်ပွဲများတွင် ဆန္ဒမဲများ စုပေါင်းမျှဝေခြင်းအား အဓိကအားဖြင့် နည်းလမ်းသုံးမျိုးတို့ဖြင့် ပြုလုပ်ခဲ့ကြသည်။ အဆိုပါ နည်းလမ်းအားလုံး တို့သည် မဲဆန္ဒရှင်အများစုတို့သည် ၎င်းတို့၏ ပထမဦးစားပေးဆန္ဒမဲကို ၎င်းတို့၏ ကိုယ်ပိုင် မျိုးနွယ်စု သို့မဟုတ် "ဇာတိ" မှ ကိုယ်စားလှယ် လောင်းအား မလွဲမသွေ ပေးအပ်လိမ့်မည်ဟူသော ယူဆချက်ပေးတွင် အခြေခံထားပါသည်။ အသုံးအများဆုံး နှင့် အအောင်မြင်ဆုံးနည်းလမ်းမှာ "ဇာတိ" ဒေသမှ ထောက်ခံမှု နည်းပါးသည့် ကိုယ်စားလှယ်လောင်းများအနေဖြင့် ပြိုင်ဖက်အုပ်စုများအကြား ဒုတိယဦးစားပေးဆန္ဒမဲများ ရရှိရန် ကျယ်ကျယ်ပြန့်ပြန့် လှုံ့ဆော်ခြင်းဖြစ်သည်။ ဤဗျူဟာအောင်မြင်ရေးအတွက် ကိုယ်စားလှယ် လောင်းများအနေဖြင့် မိမိတို့သည် "ဒုတိယအကောင်းဆုံး" ရွေးချယ်မှု ဖြစ်ကြောင်း ဆွဲဆောင်နိုင်ရန် လိုအပ်ပါသည်။ ဆိုလိုသည်မှာ ယေဘုယျအားဖြင့် အုပ်စုများအားလုံး ကို မျှမျှတတ ကြည့်ရှု စောင့်ရှောက်ကာ ဒုတိယဦးစားပေး ဆန္ဒမဲရရှိရေးကိုလည်း ပထမဦးစားပေး ဆန္ဒမဲ ရရှိရေးကဲ့သို့ပင် စည်းရုံးလှုပ်ရှားရမည်ဖြစ်သည်။ ဒုတိယမြောက် ဗျူဟာတစ်ရပ်မှာ ထောက်ခံသူများစွာ ရှိနေပြီးသား ကိုယ်စားလှယ်လောင်းများအနေဖြင့် အရန် ထောက်ခံမှုများရရှိရေးအတွက် ရွေးချယ်ထားသည့် မဟာမိတ်များနှင့် ချိတ်ဆက်ခြင်းဖြစ်သည်။ ထို့ကြောင့် လူများစုထောက်ခံမှုဖြင့် အနိုင်ရရှိသူများ ဖြစ်လာစေရေးအတွက် ရိုးရာမျိုးနွယ်စု အဆက်အသွယ်များ နှင့် သစ္စာစောင့်သိမှုများကို အသုံးချ နိုင်ပါသည်။ လွတ်လပ်ရေးရချိန်တွင် တဖြည်းဖြည်း အသုံးများလာခဲ့သည့် တတိယမြောက် ဗျူဟာတစ်ရပ်မှာ အုပ်စုများ နှင့် ကိုယ်စားလှယ်လောင်းများအနေဖြင့် အပြန်အလှန် မဟာမိတ်များ ဖွဲ့စည်းကာ တစ်ခါတစ်ရံတွင် အတူတကွ မဲဆွယ်စည်းရုံးပြီး မဲဆန္ဒရှင်များအနေဖြင့် အပြန်အလှန် ဦးစားပေးဆန္ဒမဲများ ပေးအပ်ကြရန်

တိုက်တွန်းခြင်းဖြစ်သည်။ အဆိုပါ မဟာမိတ်များသည် တူညီသည့် စကြာတစ်ခုတွင် မဲဆွယ်စည်းရုံးရေးအတွက် AV မှ ပေးအပ်သည့် မက်လုံးများအပေါ် တုန့်ပြန်မှုများ ဖြစ်ရုံသာမကဘဲ ယင်းတို့သည် နိုင်ငံရေးဆိုင်ရာ ဖွဲ့စည်းမှုများကိုလည်း အားပေးပုံရသဖြင့် နိုင်ငံရေးပါတီများ တည်ထောင်မှုအတွက် ရှေ့ပြေးများအဖြစ်လည်း ရှုမြင်နိုင်ပါသည်။

ကြိုက်နှစ်သက်မှုဦးစားပေး ဆန္ဒမဲပေးခြင်းအား ဩစတေးလျ၏ "ကိုလိုနီဝါဒဆိုင်ရာ" သတ်မှတ်ချက် တစ်ခုအဖြစ် ရှုမြင်ကြပြီး ဗဟုစနစ်တစ်ခုဖြင့် အစားထိုးလိုက်သည့်အခါ ၁၉၇၅ ခုနှစ်၌ အဆိုပါ ပုံစံများအားလုံး ပျောက်ကွယ်သွားခဲ့သည်။ ပူးပေါင်းဆောင်ရွက်ရန် မက်လုံးမရှိတော့သည့် အခါ ရွေးကောက်ပွဲများသည် ချက်ချင်းဆိုသလိုပင် ပြိုင်ဘက်မျိုးနွယ်စုများအကြား တစ်ဖက်ရှုံး တစ်ဖက်နိုင် ပြိုင်ဆိုင်မှုများ ဖြစ်လာခဲ့သည်။ နေရာအများစုတို့ကို မျိုးနွယ်စုများမှ ကျောထောက်နောက်ခံပြု ထားသည့် ကိုယ်စားလှယ်လောင်းများစွာတို့မှ ယှဉ်ပြိုင်ကြသဖြင့် အနိုင်ရရှိသူများသည် တစ်ဖြည်းဖြည်း ပိုမိုနည်းပါးလာသည့် ဆန္ဒမဲများဖြင့် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်သည်။ အနီးစပ်ဆုံးဖြစ်သော ၁၉၉၇ ခုနှစ်တွင် ကျင်းပခဲ့သည့် အမျိုးသားရွေးကောက်ပွဲ၌ အနိုင်ရရှိခဲ့သည့် နေရာများအားလုံး၏ ထက်ဝက်ကျော်တို့သည် ဆန္ဒမဲ ၂၀ % အောက်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး နေရာ ၁၅ ခုတို့တွင် ဆန္ဒမဲ ၁၀ % အောက်ဖြင့် အနိုင်ရရှိခဲ့သည်။ ရွေးကောက်ပွဲဆိုင်ရာ အကြမ်းဖက် မှုများ နှင့် "မဲပြန့်ခြင်း" တို့ကဲ့သို့သော ဆက်စပ်နေသည့် အချက်များသည်လည်း ဗဟုစနစ်တွင် ပြဿနာတစ်ရပ်ဖြစ်လာခဲ့သည်။ မဲပြန့်ခြင်းဆိုသည်မှာ အတိုက်အခံ ဆန္ဒမဲများကို "ခွဲယူရန်" ကြိုးစား ရာ၌ တစ်ဖက်တည်းရှိ ကိုယ်စားလှယ်လောင်းများအနေဖြင့် အနိုင်ရရှိရန် အခွင့်အလမ်းနည်းပါး သွားခြင်းဖြစ်သည်။ AV အရ မဲဆန္ဒနယ်အများစုတွင် အနိုင်ရရှိသည့် ကိုယ်စားလှယ်လောင်းများသည် ၎င်းတို့၏ဒေသပြင်ပမှ မဲဆန္ဒရှင်များထံမှ ဦးစားပေးဆန္ဒမဲများ ရရှိခဲ့သူများဖြစ်ကြသည်။ ယနေ့ အခါတွင် ရန်ဘက်ဒေသ တစ်ခုသို့ သွားရောက်မဲဆွယ်ပါက ရုပ်ပိုင်းဆိုင်ရာ လက်တွေ့အစစ်အမှန် အန္တရာယ်ကျရောက်နိုင်ခြေများသည် အဆိုဒေသများမှ ဆန္ဒမဲများစွာ ရရှိနိုင်မည့် (မဆိုသလောက် သော) ဖြစ်နိုင်ခြေများထက် ပိုမိုကြီးမားနေလေ့ရှိသောကြောင့် ပါပူအာနယူးဂီနီ၏ ဒေသအများစု တို့တွင် ထိုသို့သော ကွန်ရက် ဖြန့်ကျက်မှုကို မတွေ့ရသလောက်ပင်ဖြစ်လာခဲ့သည်။ [၁၉]

ဤသို့သော အခြေအနေများသည် လွတ်လပ်ရေးမရမီ AV ရွေးကောက်တင်မြှောက်မှု စနစ်ကို ပြန်လည်အသုံးပြုရန် ခိုင်မာသည့် တွန်းအားတစ်ရပ်အဖြစ် အားပေးခဲ့သည်မှာ အံ့အားသင့်ဖွယ်

မဟုတ်ပေ။ မအောင်မြင်ခဲ့သည့် ကြိုးပမ်းမှုအချို့ ပြုလုပ်ခဲ့ပြီးသည့်နောက်ပိုင်း ၂၀၀၂ ခုနှစ် ဇန်နဝါရီလတွင် ပါပူအာနယူးဂီနီ ပါလီမန်သည် ၂၀၀၂ ခုနှစ် နောက်ပိုင်းရှိ ရွေးကောက်ပွဲများအတွက် "ကန့်သတ်ထားသည့်" ကြိုက်နှစ်သက်မှု ဦးစားပေး ဆန္ဒမဲပေးခြင်းပုံစံတစ်ခုကို ပြန်လည်အသုံးပြုရန် တညီတညွတ်တည်း ဆန္ဒမဲပေးခဲ့ကြသည်။ မဲဆန္ဒရှင်များအနေဖြင့် ရွေးကောက်ပွဲများတွင် အနည်းဆုံး ကြိုက်နှစ်သက်မှု ၃ ခုတို့ကို စာရင်းပြုစုမဲပေးရန် သတ်မှတ်ထားပါသည်။ အုပ်ချုပ်သည့် အစိုးရကို ခိုင်မာအားကောင်းစေရန်၊ နိုင်ငံရေးတွင် အကျင့်ပျက်ခြစားမှုများကို ဖယ်ရှားရန်၊ နှင့် နိုင်ငံရေးပါတီများ ပေါ်ပေါက်လာမှုကို အားပေးရန် လုပ်ရှားမှုများနှင့်တကွ ဤလုပ်ရှားမှုသည် ပါပူအာနယူးဂီနီ၏ တက်ကြွမှုရှိသော်လည်း ကာလရှည်ကြာ တည်ငြိမ်မှုမရှိသည့် ဒီမိုကရေစီစနစ်ကို ပြောင်းလဲရန် နောက်ဆုံးအကြိမ် ကြိုးပမ်းမှုတစ်ခု၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ရှုမြင်ကြသည်။ မည်သို့ပင် ဆိုစေ ကာမူ ရွေးကောက်တင်မြှောက်မှုစနစ် ပြုပြင်ပြောင်းလဲခြင်းများ၏ အဓိက အကျိုးကျေးဇူးများမှာ ရွေးကောက်ပွဲဆိုင်ရာ အမူအကျင့်များ ပြောင်းလဲလာမှုများ နှင့် ဒေသန္တရအဆင့် ပဋိပက္ခများ နှင့် လူမျိုးစုအရေး အကြမ်းဖက်မှုများ လျော့ကျလာခြင်းတို့ ဖြစ်နိုင်ခြေရှိပါသည်။

## အထောက်အထားများကို အကဲဖြတ်သုံးသပ်ခြင်း

အထက်ပါ ဖြစ်စဉ်များအားလုံးအရ ကြိုက်နှစ်သက်မှုဦးစားပေး ရွေးကောက်တင်မြှောက်သည့် စနစ်များသည် အချို့သော အခြေအနေများတွင် သွေးကွဲနေသည့် လူ့အဖွဲ့အစည်းများမှ ယှဉ်ပြိုင်နေကြသည့် အုပ်စုများအကြား ပူးပေါင်းဆောင်ရွက်ရေးကို အားပေးမြှင့်တင်ကြောင်း ပြောဆိုမှုများအတွက် လက်တွေ့ အထောက်အထားများကို ရရှိခဲ့ပါသည်။ အထွေထွေအားဖြင့် Centripetal အယူအဆများအား ထပ်တလဲလဲ ဝေဖန်မှု၊ အထူးသဖြင့် ကြိုက်နှစ်သက်မှု ဦးစားပေးဆန္ဒမဲပေးခြင်းကို အသုံးပြုခြင်းအား ဝေဖန်မှုများသည် လက်တွေ့ သာဓကများမရှိဟု ထင်မြင်ခြင်းကြောင့် ယင်းသည် အရေးပါသည့် ကောက်ချက်တစ်ခုဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ၎င်းနှင့်ဆင်တူသည့် အင်စတီကျူးရှင်းဆိုင်ရာ ဒီဇိုင်းပုံစံများသည်လည်း မတူညီသည့် နိုင်ငံများတွင် မတူညီသည့် သက်ရောက်မှုများရှိသည်မှာ သိသာထင်ရှားသည့်အချက်ဖြစ်ပါသည်။ ဥပမာအားဖြင့် မြောက်အိုင်ယာလန်တွင် ဆန္ဒမဲလွှဲပြောင်းခြင်းများသည် ထိုးဖောက်ကျော်လွှားမှုတစ်ခုဖြစ်သည့် ၁၉၉၈ ရွေးကောက်ပွဲရှိ အလယ်အလတ်ဝါဒီလုပ်ငန်းစဉ်ကို အထောက်အကူ ပြုခဲ့ကြောင်းမှာ ထင်ရှားပါသည်။ သို့ရာတွင် ၁၉၇၃ သို့မဟုတ် ၁၉၈၂ တွင် အလားတူ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင်းပခဲ့သော အထောက်အထားများ - သို့မဟုတ် အက်စတိုးနီးယားနိုင်ငံ၏

၁၉၉၇ ရွေးကောက်ပွဲမှ အထောက်အထားများ - သည် ပိုမိုဝေဝါးနေပါသည်။ အလားတူပင် ၁၉၆၀ ခုနှစ်များ နှင့် ၁၉၇၀ ခုနှစ်များအတွင်း ပါပူအာနယူးဂီနီ၏ AV ကျင့်သုံးမှု အတွေ့အကြုံသည် မကြာသေးမီကာလအတွင်း ၄င်း၏ ပစိဖိတ်ဒေသတွင်းရှိ အိမ်နီးချင်းနိုင်ငံဖြစ်သော ဖီဂျီတွင်ထက် သိသိသာသာ ပိုမိုအောင်မြင် ခဲ့ပါသည်။ အဘယ့်ကြောင့်နည်း?

အဓိက အထောက်အကူပြုနေသည့် အခြေအနေတစ်ရပ်သည် နိုင်ငံရေးဆိုင်ရာ ခေါင်းဆောင်များ နှင့်တကွ မဲဆန္ဒရှင်များစွာတို့အကြား အလယ်အလတ်ဝါဒီများ ပါဝင်သည့် အဓိကအုပ်စုတစ်စု ရှိနေခြင်းဖြစ်ပုံရပါသည်။ ပဋိပက္ခ စီမံခန့်ခွဲရေးအတွက် Centripetal ဗျူဟာများ၌ လူမျိုးစုများအကြား ဆန္ဒမဲပေးနိုင်ရန်အတွက် အသိုင်းအဝိုင်းတစ်ခုအတွင်း၌ အလယ်အလတ်ဝါဒီ သဘောထား အလုံအလောက်ရှိသည်ဟု ယူဆထားသည်။ အချို့သော အခြေအနေများတွင် ဆန္ဒမဲများ စုပေါင်းမျှဝေခြင်းဆိုင်ရာ အင်စတီကျူးရှင်းများ ရှိနေမှုသည် စေ့စပ်ညှိနှိုင်းသည့် ဝန်းကျင်များအတွင်း အထက်တန်းလွှာများအကြား ထပ်တလဲလဲ အပြန်အလှန်ဆက်ဆံရမှုများမှတဆင့် ဤသို့သော အလယ်အလတ်ဝါဒီဗဟိုတစ်ခု ပေါ်ပေါက်လာစေရေးကိုပင် အားပေးကောင်းအားပေးမည်ဖြစ်သည်။ သို့ရာတွင် ယင်းသည် အလယ်အလတ်ဝါဒ ခံယူချက် တစ်စုံတစ်ရာမရှိသည့် နေရာများတွင်မူ အလယ်အလတ် ဝါဒကို ဖန်တီးနိုင်ခြင်း မရှိပေ။ မြောက်အိုင်ယာလန်တွင် Centripetalism အောင်မြင်ခြင်း မအောင်မြင်ခြင်းသည် အစောပိုင်း ရွေးကောက်ပွဲများ၌ အလယ်အလတ်ဝါဒီဗဟိုတစ်ခုမရှိခြင်းကြောင့် ဖြစ်ပြီး ၁၉၉၈ ခုနှစ်ရွေးကောက်ပွဲ၌ ထိုသို့သော ဗဟိုတစ်ခု ရှင်းလင်းစွာ ရှိလာခဲ့ခြင်းတို့ကြောင့် ဖြစ်သည်။ ယင်းကို ၁၉၉၈ ရွေးကောက်ပွဲ၌ ဂိုဏ်းဂဏများ ကွဲပြားနေသည့် ပါတီများမှ ဆန္ဒမဲများစွာ တို့အား ကွဲပြားနေသည့် လူမျိုးစုများအကြားထက် ဂိုဏ်းဂဏကွဲပြားမှုမရှိသည့် "အလယ်အလတ်" ပါတီများထံ လွှဲပြောင်းပေးခဲ့ခြင်းကို ကြည့်ခြင်းအားဖြင့် သိရှိနိုင်ပါသည်။ [၂၀]

ကြိုက်နှစ်သက်မှု ဦးစားပေး ရွေးကောက်ပွဲ စည်းမျဉ်းစည်းကမ်းများသည် အလယ်အလတ်ဝါဒကို ပေါ်ပေါက်လာစေသည်ဟူသည့် အဆိုတွင် နိုင်ငံရေးသမားများသည် ရွေးကောက်တင်မြှောက်ခြင်း ခံရရန် လိုအပ်သည်များကို လုပ်ဆောင်မည့် ဆင်ခြင်ဆုံးဖြတ်နိုင်စွမ်းရှိသော လုပ်ရှားသူများဖြစ်ကြသည်ဟူသော အယူအဆပေါ်တွင် အခြေခံထားပါသည်။ မည်သို့ပင်ဆိုစေကာမူ မတူကွဲပြားသည့် ကြိုက်နှစ်သက်မှု ဦးစားပေး ဆန္ဒမဲပေးခြင်း စည်းမျဉ်းစည်းကမ်းများအရ "လုပ်ဆောင်ရန် လိုအပ်သည်များ" ဆိုသည်မှာ ကျင့်သုံးသည့် ရွေးကောက်ပွဲဆိုင်ရာ ပုံသေနည်း နှင့် မဲဆန္ဒနယ်ရှိ လူမှုရေးဆိုင်ရာ ဖွဲ့စည်းပုံပေါ်မူတည်၍ သိသိသာသာ ကွဲပြားနိုင်ပါသည်။ ဥပမာအားဖြင့် အကယ်၍

ကိုယ်စားလှယ် လောင်းများအနေဖြင့် ၄င်းတို့သည် ဆန္ဒမဲများ၏ ထက်ဝက်ကျော် ရရှိလိမ့်မည် သို့မဟုတ် ပထမ ဦးစားပေးဆန္ဒမဲအတွက် သတ်မှတ်ထားသည့် ကိုတာအရေအတွက်ကို ပြည့်မီလိမ့်မည်ဟု ယုံကြည်မှု ရှိပါက အနိုင်ရရှိရန်အတွက် ၄င်းတို့၏ ကိုယ်ပိုင် ထောက်ခံသူများထံမှ ဆန္ဒမဲ အများဆုံးရရှိရေး တွင်သာ အာရုံစူးစိုက်ရန် လိုအပ်သည်။ မည်သို့ပင်ဆိုစေကာမူ မည်သည့် ကိုယ်စားလှယ်လောင်း ကမျှ လူများစု၏ ထောက်ခံမှုကို ခြွင်းချက်မရှိ ရရှိမည်မဟုတ်သော ဖြစ်စဉ်များ၌ ဒုတိယ ဦးစားပေး ဆန္ဒမဲ နှင့် နောက်ပိုင်းအဆင့် ဦးစားပေး ဆန္ဒမဲများ၏ အခန်းကဏ္ဍသည် စုစုပေါင်းအားဖြင့် လူများစု၏ ထောက်ခံမှု ရရှိရန် အလွန်အရေးကြီးလာပါသည်။ ထို့ကြောင့် AV တွင် ချက်ချင်းအနိုင်ရရှိရေး အတွက် သတ်မှတ်ချက်သည် STV တွင်ထက် ပိုမိုမြင့်မားသောကြောင့် Horowitz ကဲ့သို့သော ပညာရှင်အချို့သည် STV ၏ အချိုးကျပုံစံကွဲထက် AV ကဲ့သို့သော ကြိုက်နှစ်သက်မှုဦးစားပေး ဆန္ဒမဲပေးခြင်း၏ အများစုပုံစံများကို ပိုမိုသဘောကျခြင်းဖြစ်သည်။ ထို့ပြင် Horowitz အနေဖြင့် "ဆန္ဒမဲများ စုပေါင်းမျှဝေခြင်း ကို ထောက်ခံခြင်းသည် လူမျိုးစုများအကြား ဆန္ဒမဲပေးခြင်းအတွက် မျှော်မှန်းထားသည့် ဖြစ်နိုင်ခြေပေါ်တွင် အခြေခံထားပါသည်။ ဆိုလိုသည်မှာ သဘောထား အလွန်ကွဲပြားနေသည့် လူ့အဖွဲ့အစည်းများတွင်ပင်လျှင် မဲဆန္ဒရှင်အချို့သည် အခြားသော လူမျိုးစု များမှ အဖွဲ့ဝင်များထံ အောက်ပိုင်းအဆင့်ဦးစားပေးဆန္ဒမဲများပင် ဖြစ်လျှင်ဖြစ်စေကာမူ ဆန္ဒမဲအချို့ ပေးရန် ပြင်ဆင်ထားကြမည်ဖြစ်သည်ဟူသော ယူဆချက်ဖြစ်ပါသည်။ မည်သို့ပင်ဆိုစေကာမူ မြောက်အိုင်ယာလန်တွင် ဆန္ဒမဲလွှဲပြောင်းမှုများသည် အတူယှဉ်တွဲနေထိုင်မှုကို အားပေးမြှင့်တင်ရာ၌ အရေးပါသည့် အခန်းကဏ္ဍတစ်ခုမှ ပါဝင်ခဲ့သော်လည်း ယင်းတို့သည် ယူနီယံဝါဒီများ နှင့် အမျိုးသားရေးဝါဒီများအကြား အသိုင်းအဝိုင်းများဆိုင်ရာ ကွဲပြားမှုများအကြားထက် ဂိုဏ်းဂဏ ကွဲပြားမှုများတွင် တစ်ဘက်တည်းတွင်ရှိသော သဘောတူညီမှုဆန့်ကျင်သည့် ပါတီများမှ သဘော တူညီမှု လိုလားသည့် ပါတီများထံသို့ သို့မဟုတ် ဂိုဏ်းဂဏစွဲပါတီများမှ ဂိုဏ်းဂဏနှင့် မဆိုင်သော ပါတီများထံသို့သာ အများအားဖြင့် ရောက်ရှိသွားသည်။

ဒုတိယမြောက်အချက်မှာ ကြုံတွေ့ခဲ့ရသည့် အခြေအနေများကို ဆက်လက်တွေ့ကြုံရမှုသည် အလွန် အရေးပါသည့် ပြောင်းလဲသွားနိုင်သော အရာတစ်ခုဖြစ်သည်။ အထောက်အထားများအရ တူညီသည့် စည်းမျဉ်းစည်းကမ်းများဖြင့် ရွေးကောက်ပွဲနှစ်ကြိမ် ဆက်တိုက်ကျင်းပခြင်းသည် နိုင်ငံရေးဆိုင်ရာ တဖြည်းဖြည်း လေ့လာသင်ယူမှု လုပ်ငန်းစဉ်တစ်ခုကို အားပေးကြောင်း တွေ့ ရပါသည်။ မည်သည့် ရွေးကောက်ပွဲတင်မြောက်မှု စနစ်မဆို၏ သက်ရောက်မှုများကို အကဲဖြတ် ထင်မြင်ချက်မပေးမီတွင် ကျင်းပသည့် ရွေးကောက်ပွဲများ၌ ဖွဲ့စည်းပုံဆိုင်ရာ မက်လုံးများအား

တသမတ်တည်းထားရှိရန် လိုအပ်ပါသည်။ အထူးသဖြင့် ကြိုက်နှစ်သက်မှုဦးစားပေး စနစ်များတွင် နိုင်ငံရေးသမားများအကြား အပေးအယူများ နှင့် ဦးစားပေး ဆန္ဒမဲ ဖလှယ်ခြင်းများအတွက် လမ်းကြောင်းများ ပေါ်ပေါက်လာစေရန် နှင့် အဆိုပါ အကြောင်းအရာများအပေါ် မဲဆန္ဒရှင်များ နားလည်သဘောပေါက်လာစေရန် အချိန် လိုအပ်ပါသည်။ ကမ္ဘာပေါ်တွင် ကြိုက်နှစ်သက်မှု ဦးစားပေးဆန္ဒမဲပေးခြင်းကို ကာလအရှည်ဆုံး ကျင့်သုံးလာခဲ့ကြသည့် သြစတေးလျ နှင့် အိုင်ယာလန်တို့တွင် နိုင်ငံရေးသမားများ နှင့် မဲဆန္ဒရှင်များ အနေဖြင့် ဆန္ဒမဲလွှဲပြောင်းပေးခြင်းများ၏ ဗျူဟာမြောက် အလားအလာအပြည့်အဝကို ရှင်းရှင်း လင်းလင်း သိမြင်လာစေရန် နှစ်ပေါင်းများစွာ အချိန်ယူခဲ့ရသည် (အမှန်စင်စစ်တွင် သြစတေးလျ ရွေးကောက်ပွဲများရှိ ဦးစားပေးဆန္ဒမဲများ ဖလှယ်မှုနှုန်းထားများသည် မကြာသေးမီ ဆယ်စုနှစ်များ အတွင်း ဖြည်းဖြည်းမှန်မှန် တိုးတက်လာခဲ့သည်)။ အက်စတိုးနီးယားနိုင်ငံ၏ ကြိုက်နှစ်သက်မှု ဦးစားပေး ဆန္ဒမဲစနစ်မှာမူ သက်တမ်းအလွန်တိုတောင်းခဲ့သဖြင့် မဲဆန္ဒရှင်များ နှင့် နိုင်ငံရေးသမားများ အနေဖြင့် အသားကျအောင် ချိန်ညှိချိန် မရရှိလိုက်ပေ။

တတိယအချက်အဖြစ် ရွေးကောက်ပွဲများ ကျင်းပရာတွင် လူမှုရေးဆိုင်ရာ အခြေအနေများသည်လည်း အလွန်အရေးကြီးပါသည်။ မြောက်အိုင်ယာလန် နှင့် အက်စတိုးနီးယားတို့ကဲ့သို့သော နိုင်ငံများတွင် ကြီးမားပြီး အတော်အသင့် ညီညွတ်မှုရှိကြကာ STV ၏ အချိုးကျ ရွေးကောက်တင်မြှောက်မှု စည်းမျဉ်း စည်းကမ်းများအရ ကိုယ်စားပြုမှုရရှိရန် အာမခံရထားသည့် တိုင်းရင်းသားအုပ်စုကြီးနှစ်ခုအကြား "အစွန်းနှစ်ဖက်" ကွဲပြားမှုများ၏ အင်္ဂါရပ်တစ်ခုရှိကြသည်။ သို့ရာတွင် ၁၉၉၈ ခုနှစ်တွင် မြောက်အိုင်ယာလန်၌ တတိယအုပ်စုတစ်စုလည်း ရှိခဲ့သည်။ မည်သည့် အသိုင်းအဝိုင်းနှင့်မှ ရှင်းလင်းစွာ ဆက်စပ်မနေသော အလယ်အလတ်၊ ဂိုဏ်းဂဏကွဲပြားမှုမရှိသည့် ပါတီများဖြစ်သည်။ ဤအုပ်စု၏ ကိုယ်စားပြုပါဝင်ရေးကို ဦးစားပေးခြင်းဖြင့် STV သည် AV သို့မဟုတ် အခြားလူများစုစနစ်များ၊ သို့မဟုတ် ပါတီစာရင်း PR တို့တွင် ရရှိနိုင်မည်မဟုတ်သည့် ရလဒ်များကို အားပေးမြှင့်တင်ခဲ့ပါသည်။ မည်သို့ပင်ဆိုစေကာမူ လူမျိုးစုများ ရောနှောနေထိုင်မှု ပိုမိုများပြားသော သို့မဟုတ် ပိုမို၍ များစွာ သေးငယ်သော လူမျိုးရေးနှင့်မဆိုင်သည့် ဗဟိုတစ်ခုရှိသော အခြား ဖြစ်စဉ်များတွင် STV များသည် ကောင်းစွာ လည်ပတ်နိုင်ချင်မှ လည်ပတ်နိုင်မည်ဖြစ်သည်။ အမှန်စင်စစ်တွင် ယင်းသည် မြောက် အိုင်ယာလန်၏ ယခင်ရွေးကောက်ပွဲများတွင်လည်း ကောင်းစွာ လည်ပတ်နိုင်ခဲ့ခြင်းမရှိပေ။ ဤအချက် များအားလုံးအရ မည်သည့် ရွေးကောက်တင်မြှောက်မှု ပုံစံရေးဆွဲခြင်းဆိုင်ရာ ထောက်ခံသော နည်းလမ်းမဆို၏ အဓိက အစိတ်အပိုင်းတစ်ရပ်သည် ရှိနေသည့်

လူမှုရေး နှင့် လူဦးရေဆိုင်ရာ အခြေ အနေများ - အထူးသဖြင့် လူမျိုးစုများ၏ အရွယ်အစား၊ အရေအတွက် နှင့် ကွဲပြားမှုတို့ကို ကောင်းစွာ နားလည်သဘောပေါက်ရေးဖြစ်သည်ဟု တွေ့ရပါသည်။

တိုင်းရင်းသားလူမျိုးစုများ၏ လူဦးရေအချိုးအစား၏ အရေးပါမှုကို ဖီဂျီ နှင့် ပါပူအာနယူဂီနီတို့ရှိ ဖြစ်စဉ်များတွင် ထင်ရှားစွာတွေ့မြင်ရပါသည်။ ဖီဂျီတွင် အမိကအသိုင်းအဝိုင်းနစ်ရပ်စလုံးမှ အဖွဲ့ဝင်များ "ကောင်းမွန်သည့် အချိုးအစား" တစ်ခု ပါဝင်သည်ဟု ယုံကြည်ထားသည့် ပွင့်လင်းသော မဲဆန္ဒနယ်အများစုအား လူမျိုးစုတစ်စု သို့မဟုတ် အခြားလူမျိုးစုအတွက် သီးသန့်နေရာပေးအပ်ထားသည့် ပုံစံ ဖြစ်လာစေရန် သတ်မှတ်ထားကြသည်။ ထို့ကြောင့် မဲဆန္ဒနယ်အဆင့်တွင် လူမျိုးစုများအကြား ပူးပေါင်းဆောင်ရွက်ခြင်းသည် ရှားပါးပြီး ယှဉ်ပြိုင်မှုအများစုတို့တွင် လူမျိုးစုများအကြား စည်းရုံးလှုပ်ရှားမှုများ၊ အကူအညီတောင်းခံမှုများ သို့မဟုတ် ရလဒ်များအတွက် အခွင့်အရေး လုံးဝမရရှိနိုင်ပေ။ အမှန်စင်စစ်တွင် ၁၉၉၉ ခုနှစ် ရွေးကောက်ပွဲ၌ တိုင်းရင်းသားအုပ်စုများအကြား အမှန်တကယ် ယှဉ်ပြိုင်နိုင်မှုရှိသည့် နေရာမှာ ၆ နေရာသာရှိခဲ့ပြီး ကျန်နေရာများတွင် အိန္ဒိယ သို့မဟုတ် ဖီဂျီလူများစုများ လွှမ်းမိုးခဲ့ပါသည်။ ၂၁

ယင်းနှင့်ဆန့်ကျင်ဘက်အားဖြင့် ပါပူအာနယူးဂီနီ၏ အခြေအနေတွင် ရိုးရာလူ့အဖွဲ့အစည်းသည် အစိတ်စိတ်အမွှာမွှာ ကွဲပြားနေသောကြောင့် မဲဆန္ဒနယ်အများစုသည် အသေးစား မျိုးနွယ်စုငယ်များ ဒါဇင်နှင့်ချီရှိသော လူမျိုးစုနိုင်ငံရေးယူနစ်များဖြစ်ကြသည်။ AV ကဲ့သို့ ကြိုက်နှစ်သက်မှု ဦးစားပေးသည့် လူများစု ကိုယ်စားပြုစနစ်များတွင် ကိုယ်စားလှယ်လောင်းများအနေဖြင့် ရွေးကောက်တင်မြှောက်ခံရရေးအတွက် ၎င်းတို့၏ အုပ်စုများအပြင် အမျိုးမျိုးသော အုပ်စုများထံမှ ဆန္ဒမဲများ ရယူရန်မှလွဲ၍ ရွေးချယ်စရာမရှိပေ။ ထိုသို့သောအခြေအနေများတွင် ကိုယ်စားလှယ်လောင်းများသည် ပြိုင်ဖက်အုပ်စုများနှင့် ညှိနှိုင်းဆောင်ရွက်လိုသည့် ခိုင်မာသော ဆန္ဒတစ်ခု ရှိကြပါသည်။ ရွေးကောက်ပွဲဆိုင်ရာ အကြမ်းဖက်မှုများသည် ထိုသို့သော မက်လုံးများ မရှိသည့် နောက်ပိုင်းတွင် ကျင့်သုံးခဲ့သော ဗဟုစည်းမျဉ်းစည်းကမ်းများတွင်ထက် AV စနစ်တွင် ဖြစ်လေ့ဖြစ်ထ ပိုမိုနည်းပါးသည်မှာ အံ့အားသင့်ဖွယ်မဟုတ်ပေ။

အဆိုပါ ဖြစ်စဉ်များကို ကြည့်ခြင်းအားဖြင့် သွေးကွဲနေသည့် လူ့အဖွဲ့အစည်းများသည် တော်စတွိုင်း ၏ မပျော်ရွှင်သည့် မိသားစုများကဲ့သို့ပင် မတူညီသော နည်းလမ်းများဖြင့် သွေးကွဲလေ့ရှိကြကြောင်း သတိပေးနေပါသည်။ သို့ရာတွင် သွေးကွဲနေသည့် လူ့အဖွဲ့အစည်းများတွင် အဆိုပါ အဖွဲ့အစည်း၏ ဖွဲ့စည်းပုံကို ကောင်းစွာနားလည်သဘောပေါက်မှုမရှိဘဲ "တစ်ခုတည်းဖြင့် အားလုံးနှင့်ကွက်တိဖြစ် သော" ပဋိပက္ခ စီမံခန့်ခွဲရေး အစီအစဉ်များကို အရေအတွက်မည်မျှအထိ

အကြံပြုခဲ့ကြောင်းမှာ အံ့သြဖွယ်ဖြစ်သည်။ လူမျိုးစုများဆိုင်ရာ လူဦးရေဖွဲ့စည်းပုံ ကွဲပြားမှုများအား မတူညီသည့် ဒေသများရှိ ဖွဲ့စည်းပုံအခြေခံဥပဒေ ဒီဇိုင်းပုံစံ ကွဲပြားမှုများနှင့် ချိတ်ဆက်ရန် လိုအပ်သည်။ ဥပမာအားဖြင့် အာဖရိကရှိ လူနည်းစုများသည် နယ်နိမိတ်ချင်းထိစပ်နေသည့် ဒေသများတွင် အခြားသော ဒေသ များရှိ လူနည်းစုများထက် ပိုမိုစုစည်းနေလေ့ရှိသဖြင့် လူမျိုးစုများအရ သောင်းပြောင်းရောနှောနေသည့် မဲဆန္ဒနယ်များ ဖန်တီးရန် ပိုမိုခက်ခဲစေသည်။ [၂၂] ယင်းနှင့်ဆန့်ကျင်ဘက်အားဖြင့် ဥရောပတိုက်၏ အစိတ်အပိုင်း အတော်များများ (ဘောလတစ်ဒေသ)၊ အာရှတိုက် (အိန္ဒိယ၊ စင်္ကာပူ၊ မလေးရှား) နှင့် ကာရေဗီယန် (ဂိုင်ယာနာ၊ ဆူရီနာမီ၊ ထရီနီဒက် နှင့် တိုဘာဂို) တို့တွင် လူမျိုးစု အမျိုးမျိုးတို့၏ အဖွဲ့ဝင်များသည် တစ်ဦးနှင့်တစ်ဦး နေ့စဉ် ထိတွေ့ဆက်ဆံရမှု ပိုမိုများပြားလေ့ရှိသဖြင့် အပြန်အလှန် ရောနှောနေသည့် တိုင်းရင်းသားလူမျိုးများဆိုင်ရာ အခြေချနေထိုင်မှု ပုံစံများကို တွေ့ရသည်။ ထိုသို့သော အခြေအနေများတွင် မဲဆန္ဒနယ်များသည် လူမျိုးစုများအရ သောင်းပြောင်း ရောနှောနေနိုင်ခြေ ပိုမိုများပြားပြီး အခြားသော ကဏ္ဍမျိုးစုံရှိ ကွဲပြားမှုများကြောင့် လူမျိုးစု ကိုယ်ပိုင် လက္ခဏာများကို ပိုမို လျော့ကျစေမည်ဖြစ်သည်။ ထိုသို့ဖြင့် ပါတီများအား အမျိုးမျိုးသော တိုင်းရင်း သားအုပ်စုများထံမှ ထောက်ခံမှုများ ရယူရန် အားပေးသည့် Centripetal ဒီဇိုင်းပုံစံများသည် လူမျိုးစု များအကြားရှိ အမုန်းပွားမှုများကို ချေဖျက်နိုင်မည်ဖြစ်ကာ ကျယ်ပြန့်ပြီး လူမျိုးစုမျိုးစုံပါဝင်သည့် ပါတီများ ပေါ်ပေါက်လာရေးကို အားပေးမည်ဖြစ်သည်။ ထိုသို့သော ရိုးရှင်းသည့် အသေးစိတ် အချက် အလက်များသည် လူမျိုးရေး ပဋိပက္ခများကို စီမံခန့်ခွဲရာတွင် Centripetal ချဉ်းကပ်မှုများ၏ အောင်မြင်မှုကို အဆုံးအဖြတ်ပေးနိုင်ပါသည်။

## မှတ်ချက်များ

၁။ လူမျိုးစု နိုင်ငံရေး နှင့် ရွေးကောက်ပွဲဆိုင်ရာ နိုင်ငံရေးတို့အကြားရှိ အပြန်အလှန်ဆက်စပ်မှုနှင့် ပတ်သက်သည့် ကောင်းမွန်သည့် ဆွေးနွေးချက်များအတွက် Donald L. Horowitz, ပဋိပက္ခဖြစ်ပွား နေသည့် လူမျိုးစုများ (ဘာကလေ - ကယ်လီဖိုးနီးယား တက္ကသိုလ် ပုံနှိပ်တိုက်၊ ၁၉၈၅)၊ Larry Diamond နှင့် Marc F. Plattner တည်းဖြတ်သော အမျိုးသားရေးဝါဒ၊ လူမျိုးစု ပဋိပက္ခ နှင့် ဒီမိုကရေစီ (ဘော်လတီမိုး - ဂျွန်ဟော့ပ်ကင်းစ် တက္ကသိုလ် ပုံနှိပ်တိုက်၊ ၁၉၉၄) နှင့် Timothy D. Sisk, လူမျိုးစုပဋိပက္ခများအတွင်း အာဏာခွဲဝေခြင်း နှင့် နိုင်ငံတကာ ကြားဝင်ဖြန်ဖြေမှု (ဝါရှင်တန် ဒီစီ - အမေရိကန်ပြည်ထောင်စု ငြိမ်းချမ်းရေး အင်စတီကျု ပုံနှိပ်တိုက်၊ ၁၉၉၆) တို့ကို ဖတ်ရှုပါ။

၂။ ဥပမာအားဖြင့် Arend Lijphart, ဗဟုလူ့အဖွဲ့အစည်းများရှိ ဒီမိုကရေစီ - နှိုင်းယှဉ်စူးစမ်းလေ့လာမှု တစ်ခု (နယူးဟေဗင် - ယေးလ်တက္ကသိုလ် ပုံနှိပ်တိုက်၊ ၁၉၇၇)၊ Donald L. Horowitz, ဒီမိုကရေစီ တောင်အာဖရိကလော? သွေးကွဲနေသည့် လူ့အဖွဲ့အစည်းတစ်ခုအတွင်း ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ ဒီဇိုင်းပုံစံရေးဆွဲခြင်း (ဘာကလေ - ကယ်လီဖိုးနီးယားတက္ကသိုလ် ပုံနှိပ်တိုက်၊ ၁၉၉၁)၊ Giovanni Sartori, နှိုင်းယှဉ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဒီဇိုင်းပုံစံရေးဆွဲခြင်း - ဖွဲ့စည်းပုံများ၊ မက်လုံးများ နှင့် ရလဒ်များအား စုံစမ်းကြည့်ရှုခြင်း (လန်ဒန် - မက်မီလန်၊ ၁၉၉၄)၊ နှင့် Benjamin Reilly နှင့် Andrew Reynolds, သွေးကွဲနေသည့် လူ့အဖွဲ့အစည်းများရှိ ရွေးကောက်တင်မြှောက်မှု စနစ်များ နှင့် ပဋိပက္ခများ (ဝါရှင်တန် ဒီစီ - အမျိုးသား သုတေသန ကောင်စီ၊ ၁၉၉၉) ကို ကြည့်ရှုပါ။

၃။ Arend Lijphart, ဗဟုလူ့အဖွဲ့အစည်းများရှိ ဒီမိုကရေစီ၊ နှင့် Timothy D. Sisk, အာဏာခွဲဝေခြင်း နှင့် လူမျိုးစုပဋိပက္ခများတွင် နိုင်ငံတကာ၏ ကြားဝင်စေ့စပ်မှု၊ ၂၇-၄၅ တို့ကို ဖတ်ရှုပါ။ Joseph V. Montville တည်းဖြတ်သော လူမျိုးစုမျိုးစုံပါဝင်သည့် လူ့အဖွဲ့အစည်းများရှိ ပဋိပက္ခများ နှင့် ငြိမ်းချမ်းရေး တည်ဆောက်ခြင်း (နယူးယောက် - Lexington Books, ၁၉၉၁)၊ ၄၅၁-၇၆၊ ရှိ Donald L. Horowitz ၏ "အလယ်အလတ်ဝါဒကို ထိုက်တန်အောင် အသုံးချခြင်း - လူမျိုးစု ပဋိပက္ခ စီမံခန့်ခွဲမှု ဆိုင်ရာ နှိုင်းယှဉ်သည့် နိုင်ငံရေး" ကိုလည်း ဖတ်ရှုပါ။

၄။ R.A. Schrire တည်းဖြတ်သော တောင်အာဖရိကအတွက် အလွန်အရေးပါသည့် ရွေးချယ်မှုများ - ၁၉၉၀ ခုနှစ်များအတွက် အစီအစဉ်တစ်ခု (ကိပ်တောင်း - အောက်စဖို့ဒ် တက္ကသိုလ် ပုံနှိပ်တိုက်၊ ၁၉၉၀)၊ ၁၀-၁၃ ရှိ Arend Lijphart ၏ "အစိတ်အပိုင်းများ ကွဲပြားနေသည့် လူ့အဖွဲ့အစည်းများရှိ ရွေးကောက်တင်မြှောက်မှု စနစ်များ၊ ပါတီစနစ်များ နှင့် ပဋိပက္ခစီမံခန့်ခွဲမှု"

၅။ Donald L. Horowitz, ပဋိပက္ခများရှိ လူမျိုးစုအုပ်စုများ၊ နှင့် Donald L. Horowitz, "အလယ်အလတ်ဝါဒကို ထိုက်တန်အောင် အသုံးချခြင်း" တို့ကို ဖတ်ရှုပါ။

၆။ အသုံးပြုထားသည့် ပုံသေနည်းသည် ဆန္ဒမဲများရေတွက်ရာတွင် စုစုပေါင်း ဆန္ဒမဲ အရေအတွက် အား ရွေးကောက်တင်မြှောက်မည့် နေရာအရေအတွက်ထက် တစ်တိုးကာ စားပြီး ရလဒ်တွင် တစ် ပေါင်းထည့်သည်။ ဥပမာအားဖြင့် ဆန္ဒမဲ ၆၀၀၀ ရှိပြီး ကိုယ်စားလှယ် ၅

ဦး ရွေးချယ်ရမည်ဖြစ်ပါက ရွေးကောက်ပွဲအတွက် ကိုတာသည် ၆၀၀၀/(၅+၁) + ၁ သို့မဟုတ် ဆန္ဒမဲ ၁၀၀၁ မဲဖြစ်သည်။

၇။ Timothy D. Sisk, တောင်အာဖရိကရှိ ဒီမိုကရေစီ ပြောင်းလဲရေး - တွေ့ရခဲသော လူမှုရေးဆိုင်ရာ သဘောတူညီချက် (ပရင့်စ်တန် - ပရင့်စ်တန် တက္ကသိုလ် ပုံနှိပ်တိုက်၊ ၁၉၉၅)၊ ၁၉။

၈။ Timothy D. Sisk, အာဏာခွဲဝေခြင်း နှင့် လူမျိုးစုပဋိပက္ခများတွင် နိုင်ငံတကာ၏ ကြားဝင်စေ့စပ်မှု၊ ၄၄၊ ၆၂၊ နှင့် Arend Lijphart, "မဲလွှဲပြောင်းစနစ် - တောင်အာဖရိကအတွက် လက်တွေ့ကျသည့် ရွေးချယ်စရာနည်းလမ်းလော?" Politikon ၁၈ (၁၉၉၁ ခုနှစ် ဇွန်လ) - ၉၁ - ၁၀၁ တို့ကို ဖတ်ရှုပါ။

၉။ ၁၉၉၈ ခုနှစ်တွင် ဗြိတိသျှ အစိုးရ၏ Jenkins ကော်မရှင်သည် "AV plus" အတွက် အဆိုပြုချက် တစ်ခုကို ထုတ်ဖော်ခဲ့သည်။ ယင်းသည် ၈၀ % သော နေရာများကို AV ဖြင့် ရွေးကောက်တင်မြှောက် ကာ ကျန် ၂၀% ကို အချိုးညီမှုအတွက် ဟန်ချက်ညီစေရန် PR စာရင်းတစ်ခုမှ ရွေးကောက် တင်မြှောက်သည့် အရောစနစ်တစ်ခုဖြစ်ပါသည်။ ၂၀၀၀ ခုနှစ် မေလတွင် လန်ဒန်၏ ပထမဆုံးသော မြို့တော်ဝန် ရွေးကောက်ပွဲများတွင် ကြိုက်နှစ်သက်မှုဦးစားပေး ဆန္ဒမဲပေးခြင်း ပုံစံတစ်ခုကို အသုံးပြု ခဲ့သည်။ အမေရိကန်ပြည်ထောင်စုတွင် ကြိုက်နှစ်သက်မှုဦးစားပေး ဆန္ဒမဲပေးခြင်းသည် နယူး မက္ကဆီကို နှင့် ကယ်လီဖိုးနီးယားတို့အပါအဝင် ပြည်နယ်များစွာတို့တွင် ပိုမို၍ ထင်ရှားလာလျက် ရှိသည့် ရွေးကောက်ပွဲ ပြုပြင်ပြောင်းလဲရေး နည်းလမ်းဖြစ်သည်။ အလက်စကား နှင့် ဟားမောင့် ပြည်နယ်တို့ နှစ်ခုစလုံးတွင် ဤစနစ်ကို စတင်မိတ်ဆက်ရန် ရည်ရွယ်ထားသည့် ရွေးကောက်ပွဲဆိုင်ရာ ပဏာမအစီအစဉ်များ ပြုလုပ်ရန်ရှိပြီး ၂၀၀၂ ခုနှစ် မတ်လ ၅ ရက်နေ့တွင် ဆန်ဖရန်စစ္စကိုရှိ မဲဆန္ဒရှင် များသည် အနာဂတ်တွင် ကျင်းပမည့် မြို့တော် ရွေးကောက်ပွဲများအားလုံး၌ မဲလွှဲပြောင်းစနစ်ကို ကျင့်သုံးရန် ပဏာမအစီအစဉ်တစ်ခု ထုတ်ပြန်ခဲ့ပါသည်။

၁၀။ Rein Taagepera, "အကူးအပြောင်းကာလ အက်စတိုးနီးယားရှိ STV" ဖော်ပြချက် ၃၄ (ဆောင်းရာသီ ၁၉၉၆-၉၇)၊ ၃၁။

၁၁။ John. T. Ishiyama "လူမျိုးစုများအကြား သွေးကွဲနေသည့် လူ့အဖွဲ့အစည်းများရှိ ရွေးကောက် တင်မြှောက်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ နှင့် ပါတီ အမည်စာရင်းတင်သွင်းခြင်းဆိုင်ရာ ဗျူဟာများ

- ၁၉၉၀ ခုနစ် အက်စတိုးနီးယား အကူးအပြောင်းကာလ ရွေးကောက်ပွဲ"၊ ကွန်မြူနစ်စနစ် နှင့် ကွန်မြူနစ်စနစ်အလွန် လေ့လာမှုများ ၂၇ (၁၉၉၄ ခုနစ် ဇွန်လ)၊ ၁၇၇-၉၂ ကို ဖတ်ရှုပါ။

၁၂။ John T. Ishiyama "ကွန်မြူနစ်စနစ်အလွန် နိုင်ငံရေးရှိ အင်စတီကျူးရှင်းများ နှင့် လူမျိုးစုနိုင်ငံရေး ပဋိပက္ခများ" အမျိုးသားရေးဝါဒ နှင့် လူမျိုးစုနိုင်ငံရေး ၆ (၂၀၀၀ ခုနစ် ဆောင်းဦးရာသီ) - ၆၅။

၁၃။ Rein Taagepera, "အကူးအပြောင်းကာလ အက်စတိုးနီးယားရှိ STV" ၃၆။

၁၄။ Marian Sawer တည်းဖြတ်သော ရွေးကောက်ပွဲများ - ပြည့်စုံမှု၊ လွတ်လပ်မှု နှင့် မျှတမှု (ဆစ်ဒနေ - ဖက်ဒရေးရှင်း ပုံနှိပ်တိုက်၊ ၂၀၀၁) ရှိ Benjamin Reilly ၏ "ကြိုက်နှစ်သက်မှု ဦးစားပေး ဆန္ဒမဲပေးခြင်း နှင့် ၎င်း၏ နိုင်ငံရေးဆိုင်ရာ အကျိုးဆက်များ" ကို ဖတ်ရှုပါ။

၁၅။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြန်လည်သုံးသပ်ရေး ကော်မရှင် ၁၉၉၆၊ ဖီဂျီကျွန်းများ - စည်းလုံး ညီညွတ်သည့် အနာဂတ်တစ်ခုဆီသို့ (ဆူဗာ - ဖီဂျီပါလီမန်၊ ၁၉၉၆) ကို ဖတ်ရှုပါ။

၁၆။ Brij V. Lal, ပြောင်းလဲရမည့် အချိန် - ၁၉၉၉ ခုနစ် ဖီဂျီအထွေထွေ ရွေးကောက်ပွဲ၊ နိုင်ငံရေး နှင့် လူမှုရေးဆိုင်ရာ ပြောင်းလဲမှု ဌာန၊ ဆွေးနွေးမှု စာတမ်း ၂၃၊ ဩစတေးလျ အမျိုးသားတက္ကသိုလ်၊ ၁၉၉၉၊ ၆။

၁၇။ Benjamin Reilly ၏ "ဒီမိုကရေစီ၊ လူမျိုးစုများ အစိတ်စိတ်ကွဲပြားခြင်း နှင့် ပြည်တွင်း ပဋိပက္ခများ - ရှုပ်ထွေးနေသည့် သီအိုရီများ၊ မှားယွင်းနေသည့် အချက်အလက်များ နှင့် ပါပူအာနယူးဂီနီရှိ 'အရေးပါသည့် ဖြစ်စဉ်'" နိုင်ငံတကာ လုံခြုံရေး ၂၅ (၂၀၀၀-၂၀၀၁ ဆောင်းရာသီ)၊ ၁၆၂-၈၅ ကို ဖတ်ရှုပါ။

၁၈။ Andrew Strathern, "ပါပူအာနယူးဂီနီရှိ အကြမ်းဖက်မှု နှင့် နိုင်ငံရေးဆိုင်ရာ အပြောင်းအလဲ" ပစိဖိတ်လေ့လာမှုများ ၁၆ (ဒီဇင်ဘာ ၁၉၉၃)၊ ၄၁-၆၀။

၁၉။ Yaw Saffu တည်းဖြတ်သည့် ၁၉၉၂ ခုနစ် PNG ရွေးကောက်ပွဲ - ရွေးကောက်ပွဲဆိုင်ရာ နိုင်ငံရေး ရှိ ပြောင်းလဲမှု နှင့် အလျင်မပြတ်မှု (ကန်ဘာလားမြို့ - နိုင်ငံရေး နှင့် လူမှုရေး ပြောင်းလဲမှု ဌာန၊ ပစိဖိတ်ဒေသ နှင့် အာရှသုတေသနကျောင်း၊ ဩစတေးလျအမျိုးသားတက္ကသိုလ်၊ ၁၉၉၆) ရှိ Bill Standish ၏ "Simbu ရှိ ရွေးကောက်ပွဲများ - သေနတ်ဖြင့်တော့ထားသည့် ဒီမိုကရေစီသို့ သွားခြင်းလော?"

၂၀။ Richard Simmott ၏ "ဗဟိုဝါဒီ နိုင်ငံရေးသည် အကြီးအကျယ်မဟုတ်သော်လည်း သိသာသည့် တိုးတက်မှုကို ဖြစ်စေသည် - အသိုင်းအဝိုင်းများအကြား လွှဲပြောင်းပေးအပ်မှုများမှာ နည်းပါးသည်" Irish Times (ဒပ်ဗလင်)၊ ၁၉၉၈ ခုနှစ် ဇွန်လ ၂၉ ရက်၊ ကို ဖတ်ရှုပါ။

၂၁။ ၁၉၉၉ ခုနှစ် ဇူလိုင်လ ၁၈ ရက်နေ့တွင် ဖီဂျီနိုင်ငံ ဆူဗာမြို့တော်ရှိ နိုင်ငံသားများ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ဆွေးနွေးပွဲသို့ တင်ပြသည့် Nigel Roberts ၏ "မျှော်မှန်းချက်များနှင့် ကိုက်ညီမှုရှိပါသလား? ဖီဂျီရှိ ရွေးကောက်တင်မြှောက်မှု စနစ်သစ် နှင့် ၁၉၉၉ ခုနှစ် အထွေထွေ ရွေးကောက်ပွဲ" စာတမ်းကို ဖတ်ရှုပါ။

၂၂။ Ted Robert Gurr တည်းဖြတ်သော အန္တရာယ်ရှိနေသည့် လူနည်းစုများ - လူမျိုးစုနိုင်ငံရေး ပဋိပက္ခများအပေါ် ကမ္ဘာတစ်ဝှမ်းမှ အမြင်တစ်ခု (ဝါရှင်တန် ဒီစီ - အမေရိကန် ငြိမ်းချမ်းရေး အင်စတီကျု ပုံနှိပ်တိုက်၊ ၁၉၉၃) ရှိ James R. Scarritt ၏ "ဆာဟာရ တောင်ပိုင်း အာဖရိကရှိ လူမျိုးစု ပဋိပက္ခများ နှင့် အာဏာ ယှဉ်ပြိုင်မှု"